ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

## ပထမပြန်စာမေးပွဲ

## ပထမငယ်တန်းအတွက်

# ပါဠိစာပေကောက်နုတ်ချက်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၈) က
ပုံနှိပ်ထုတ်ဝေသည်။

ပါဠိစာပေ ကောက်နုတ်ချက်

# မာတိကာ


၁။ ဆရာများအတွက် မှာထားချက် .... .... က

၂။ ဝိနယပိဋက (မှတ်စုအကျဉ်း) .... .... ၁

(က) ဥဘတောဝိဘင်္ဂ

(ခ) ခန္ဓက

(ဂ) ပရိဝါရ

၃။ ဝိနယပိဋက (ကောက်နုတ်ချက်) .... .... ၃

(က) မဟာဝဂ္ဂပါဠိ ရာဟုလဝတ္ထု

(ခ) မဟာဝဂ္ဂပါဠိ ဥပါလိဒါရကဝတ္ထု

၄။ သံယုတ္တနိကာယ (မှတ်စုအကျဉ်း) .... .... ၁၄

(က) သဂါထာဝဂ္ဂသံယုတ္တ

(ခ) နိဒါနဝဂ္ဂသံယုတ္တ

(ဂ) ခန္ဓဝဂ္ဂသံယုတ္တ

(ဃ) သဠာယတနဝဂ္ဂသံယုတ္တ

(င) မဟာဝဂ္ဂသံယုတ္တ

၅။ သံယုတ္တနိကာယ (ကောက်နုတ်ချက်) .... .... ၂၀

(က) ကောသလသံယုတ္တ သဂါထာဝဂ္ဂသံယုတ္တ- ပိယသုတ္တ

(ခ) 〃 〃 〃 မလ္လိကာသုတ္တ

## မာတိကာ


၆။ အင်္ဂုတ္တရနိကာယ (မှတ်စုအကျဉ်း) .... .... ၂၄

၇။ အင်္ဂုတ္တရနိကာယ (ကောက်နုတ်ချက်) .... .... ၂၉

(က) ဒုကနိပါတ သမစိတ္တဝဂ္ဂ

(ခ) စတုက္ကနိပါတ ပတ္တကမ္မဝဂ္ဂ အဓမ္မိကသုတ္တ

၈။ ခုဒ္ဒကနိကာယ ဓမ္မပဒပါဠိ (ကောက်နုတ်ချက်) — .... ၃၇

(က) ယမကဝဂ္ဂ

၉။ ဇာတကအဋ္ဌကထာ .... .... — ၄၀

(က) သီလဝီမံသကဇာတကဝဏ္ဏနာ

(ခ) သကုဏဂ္ဃိဇာတကဝဏ္ဏနာ

# ဆရာများအတွက် မှာထားချက်

၁။ ယခုအခါ၌ ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အဇက်ဖက်က ဆတက်ထမ်းပိုး တိုး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်၊ ဤသို့ဆောင်ရွက်ရာ၌ သာသနာသုံးရပ်အနက် အခြေခံဖြစ်သော ပရိယတ္တိသာသနာ သင်ကြားရေးအပိုင်း၌ ထိရောက်မှုရှိစေရန် လုံးပမ်းနေကြပေသည်။အချိန်ကုန် လူပမ်း ခေတ်နှင့်အလျှမ်းကွာပြီး တနေ့တခြား ဆုတ်နစ် ယုတ်လျော့လာသည့် အန္တရာယ်ကို ကာကွယ်ကြရမည် ဖြစ်သည်။

၂။ သို့ဖြစ်၍ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ပရိယတ္တိပညာ သင်ကြားရေးအတွက် မူလေးရပ် ချမှတ်ခဲ့သည်—

(က) ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်ရေး၊

(ခ) ပိဋကတ်ကျမ်းဂန် နှံ့စပ်ရေး၊

(ဂ) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်ရေး၊

(ဃ) မြန်မာစာပေ ပေါ်ရေး။

၃။ ယခုအခါတွင် ပရိယတ္တိစာပေ သင်ကြားပို့ချသူ လေ့လာဆည်းပူး သင်ယူသူတို့သည် ပရိယတ္တိပညာရေးမူ လေးချက်နှင့်အညီ ပို့ချ သင်ယူကြရန် လိုအပ်လာသည်၊ ယင်းသို့ ပို့ချသင်ယူကြမှလည်း အချိန်ကုန် လူပမ်း ခေတ်နှင့် အလှမ်းကွာ တနေ့တခြား ဆုတ်ယုတ်လာသည့် အန္တရာယ်ဆိုးမှ လွတ်မြောက်ပြီး ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွား၍ သာသနာတော်တွင် သာသနာ့ဝန်ထမ်းများအတွက် လက်တွေ့ အကျိုးရှိလာမည် ဖြစ်သည်။

၄။ ဤ ပါဠိစာပေကောက်နုတ်ချက် စာအုပ်၌ သက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာနှင့် စပ်လျဉ်း၍ ကြိုတင်သိရှိထိုက်သည့် အချက်များကို မှတ်စု

ထုတ်၍ အကျဉ်းချုပ် ဖော်ပြထားသည့် ဤမှတ်စုများသည် ပိဋကတ် ကျမ်းဂန်များကို ခြုံ၍ပြောထားသဖြင့် စာသင်သားများအဖို့ သက်သက် သာသာဖြင့် အဖိုးတန် ဗဟုသုတကို ရရှိစေနိုင်ပေသည်။

၅။ သို့ဖြစ်သောကြောင့် စာသင် စာပြ စာချဆရာများက ဤစာအုပ်ပါ မှတ်စုအကျဉ်းများကို မိမိတို့တပည့်များအား ရှင်းလင်းပြောပြ နားလည် မှတ်သားစေရမည်။ ဤမှတ်စုများသည် အကျဉ်းပြသာ ဖြစ်သဖြင့် ဆရာ များက လိုအပ်သလို ရှင်းလင်း သင်ကြားပေးနိုင်ကြသည်။ တပည့်တို့ အနေဖြင့်လည်း အရေးကြီးသော အချက်အလက်များကို မှတ်သား ထားရှိနိုင်ကြရမည်၊ သို့မှသာ မေးခွန်းက အဖြေများကို ပြန်လည် ရေးပြနိုင်ကြမည် ဖြစ်သည်။

၆။ ဤစာအုပ်တွင် ပါသော ပါဠိတော်အဋ္ဌကထာ ကောက်နုတ်ချက် များသည် ပါဠိဘာသာမူရင်းအတိုင်းဖြစ်၍ စာသင်သားတို့အနေဖြင့် မြန်မာအနက်အဓိပ္ပာယ် ထင်မြင်နိုင်ကြဦးမည် မဟုတ်ပေ၊ သို့ဖြစ်၍ ဆရာ လုပ်သူတို့က ပါဠိဝေါဟာရတို့၏ အနက်အဓိပ္ပာယ်နှင့် ဆိုလိုရင်းတို့ကို ပို့ချ ပေးကြရမည်ဖြစ်သည်။

၇။ ပါဠိဘာသာ ကောက်နုတ်ချက်များကို သင်ယူသော အခါတွင် ပါဠိ ကို အနက်ပြန်နိုင်ရုံမျှသည် အနိမ့်ဆုံး အဆင့်မျှသာ ရှိသေးသည်၊ ပါဠိ ဝါကျကဖြစ်စေ၊ ပါဠိအပိုဒ်ကဖြစ်စေ၊ ပါဠိကောက်နုတ်ချက် တခုလုံးက ဖြစ်စေ ဘာကို ဆိုလိုသည် ဟူ၍ သိရှိမှသာ သင်ခန်းစာက လိုအပ်သော အသိပိုင်း အကျင့်ပိုင်းကို အကျိုးပြုမည် ဖြစ်သည်။

၈။ သို့ဖြစ်၍ ဆရာလုပ်သူတို့က ပါဠိကို အနက်ပြန်ပေးရုံမျှမက ကောက်နုတ်ပါဠိစာပေက မည်သည့်အဓိပ္ပာယ်ကို သိစေသည်၊ မည်သို့သော အသိဉာဏ်ကို ရစေသည်၊ မည်သည့် အကျိုးတရားကို ဖြစ်ပွားစေသည် စသည်ဖြင့် ရှုထောင့်စုံလင်အောင် ပြောပြ နားလည်စေရမည် ဖြစ်သည်။

၉။ ဤ ပါဠိစာပေ ကောက်နုတ်ချက်ပါ အကြောင်းအရာများသည် စာသင်သားတို့အား စိတ်ဝင်စားစေနိုင်သည်သာမက မိမိတို့ကိုးကွယ်ရာ ဘုရားရှင်နှင့်လည်း ကြုံတင် တွေ့ခွင့်ရကြသည်၊ ဘုရားနှင့် တွေ့ဆုံ ရင်းနှီးခွင့်ရသူများသည် လိမ္မာယဉ်ကျေးမှု ပို၍ရရှိလာကြမည် ဖြစ်သည်။

၁၀။ သို့ဖြစ်သောကြောင့် ပါဠိစာပေကောက်နုတ်ချက်သည် ကိုယ်ကျင့် တရား ကောင်းမွန်ရေး၊ ပိဋကတ်ကျမ်းဂန် နှံ့စပ်ရေး၊ ပါဠိဘာသာ တတ်မြောက်ရေး ဟူသော ပရိယတ္တိပညာရေးမှုများကို တစိတ်တဒေသ အကောင်အထည် ဖော်ပေးရန်ဖြစ်သည်၊ ဤသည်ကို ဆရာနှင့်တပည့်တို့ သဘောပေါက် သိမြင်ကြပြီး လေးလေးနက်နက် ချပို့သင်ယူသွားကြရန် ဖြစ်ပေသည်။

ပညာရေးအဖွဲ့ငယ်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့။

# ဝိနယ ပိဋက

## (မှတ်စုအကျဉ်း)

ဝိနယပိဋကသည် ဗုဒ္ဓသာသနာ တည်တံ့ ထွန်းကားရေးအဘွက် အခြေခံအကျဆုံးသော ကျမ်းစာဖြစ်သည်။ သာသနာတော်အဓွန့်ရှည်စွာ တည်တံ့မှုသည် ယင်း သာသနာကို အရင်းကျကျ စောင့်ရှောက်ထိန်းသိမ်းရသောသံဃာ့အဖွဲ့အစည်းအပေါ် ၌တည်နေသည်။သံဃာ့အဖွဲ့တည်ရှိနေသရွေ့ သာသနာတော်သည် စည်ပင်တည်တံ့ နေမည်သာ ဖြစ်သည်။ သံဃာ့အဖွဲ့အစည်း တည်တံ့မှုသည်လည်း ယင်း အဖွဲ့ဆိုင်ရာစည်းမျဉ်းသိက္ခာပုဒ် ကျင့်ဝတ်များနှင့် ကျင့်ထုံးများကို လိုက်နာစောင့်ထိန်းမှု၌ တည်နေသည်။ ထိုစည်းမျဉ်းနှင့် ကျင့်ဝတ် ကျင့်ထုံးများကို လိုက်နာမှုသည် သံဃာ့အဖွဲ့အစည်း သန့်ရှင်း ခိုင်မာခြင်း၏အရင်းခံဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာ စည်ပင်တည်တံ့ခြင်း၏ အသက်သွေးကြောလည်း ဖြစ်သည်။ ထိုမျှ အရင်းခံကျသော စည်းမျဉ်းသိက္ခာပုဒ်များ ကျင့်ဝတ် ကျင့်ထုံးများကို မှတ်တမ်းတင် လမ်းညွှန်ဖြစ်သော ကျမ်းစာမှာ ဝိနယပိဋကပင် ဖြစ်သည်။

ဝိနယပိဋကတွင် ပါတိမောက္ခနှစ်မျိုး ဥဘတောဝိဘင် ခန္ဓကနှင့် ပရိဝါရတို့ ပါဝင်သည်ဟု ရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများ၌ ပေါ်ပြူသည်။ သို့ရာတွင် ပါတိမောက္ခသည် ဥဘတောဝိဘင်၌ ပါရှိပြီးဖြစ်သောကြောင့် ဝိနယပိဋကကို အောက်ပါအတိုင်းသာခွဲဝေကြသည်။

၁။ ဥဘတောဝိဘင်၊

၂။ ခန္ဓက၊

၃။ ပရိဝါရ။

ဉဘတောဝိဘင်္ဂ။ ။ဉဘတောဝိဘင်္ဂသည် ပါတိမောက္ခသိက္ခာပုဒ်များကို အကျယ် ရှင်းလင်းဖော်ပြသည့် ကျမ်းစာဖြစ်သည်။ သိက္ခာပုဒ်များကို သုတ္တဟုလည်း ခေါ်သဖြင့် ဉဘတောဝိဘင်္ဂကို သုတ္တဝိဘင်္ဂဟုလည်း ခေါ်ဆိုကြသည်။ သိက္ခာပုဒ်များမှာ ရဟန်းယောကျ်ားများအတွက် ၂၂၇-ခုရှိ၍ ရဟန်းမိန်းမများအတွက် ၃၁၁-ခု ရှိသည်။ ရဟန်းယောကျ်ားတို့နှင့် သက်ဆိုင်သော သိက္ခာပုဒ်များကို ဘိက္ခုပါတိမောက္ခ၊ ရဟန်းမိန်းမတို့နှင့် သက်ဆိုင်သော သိက္ခာပုဒ်များကို ဘိက္ခုနီပါတိမောက္ခဟုခေါ်သည်။ ထိုပါတိမောက္ခနှစ်မျိုးကို ရှင်းလင်းဝေဖန်ပြသောကြောင့် ဤကျမ်းကို ဉဘတောဝိဘင်္ဂဟု ခေါ်ဆိုခြင်းဖြစ်သည်။

ပါတိမောက္ခသိက္ခာပုဒ်များသည် သံဃာ့အဖွဲ့အစည်း မပေါ်မီကြိုတင် ချမှတ် စီစဉ်ထားသော စည်းမျဉ်းများ မဟုတ်ပေ။ သံဃာ့အဖွဲ့အစည်းပေါ်ပေါက်လာသော အခါတွင်မှ ရဟန်းများအတွင်း ဖြစ်ပေါ်လာသည့် အကြောင်းကြီးငယ်ကို လိုက်၍ ဘုရားရှင်ချမှတ် ပညတ်ခဲ့ခြင်းဖြစ်သည်။ ထို သိက္ခာပုဒ်များကို ပါတိမောက္ခဟူသော အမည်ဖြင့် ဘုရားရှင် လက်ထက်ကပင် တလထက်ဝက် ၁၅-ရက် တကြိမ် သံဃာဥပုသ်ပြုရာ၌ ရွတ်ဆိုပြရသည်။ ထိုသို့ ရွတ်ဆိုပြရာတွင် အပြစ်ကြီးငယ်အလိုက် ကဏ္ဍခွဲခြားထားသည်။

ဉဘတောဝိဘင်္ဂသည် ပါတိမောက္ခ အစီအစဉ်အတိုင်းပင် သိက္ခာပုဒ်များ အကြောင်းကို ရှင်းလင်း ဖော်ပြသည်။ကျမ်း၏အစ၌ ဝေရဉ္ဇကဏ္ဍဟူသော ခေါင်းစဉ်ဖြင့် သိက္ခာပုဒ်များ ပညတ်ထားရှိသင့်ခြင်း၏ အကြောင်း နိဒါန်းကို ဖော်ပြထားသည်။ ထိုနောက် သိက္ခာပုဒ်များကို တခုစီ ရှင်းပြသည်။ ယင်းသို့ ရှင်းပြရာတွင် သိက္ခာပုဒ်တခုကို ပညတ်ရန် ပေါ်ပေါက်လာသောအကြောင်း=နိဒါန်း(ဝါ)အကြောင်း

အရာကို ဦးစွာဖော်ပြ၍ ထိုအကြောင်းအရာအား လျော်စွာ ချမှတ်သော သိက္ခာပုဒ်ကို မှတ်တမ်းတင်သည်။ အကယ်၍ ထိုမူလချမှတ်ထားသော သိက္ခာပုဒ်၏ တင်းကျပ်မှု လျော့ဟာမှုကို အကြောင်းခံသည့် အမှုကိစ္စများ ဆက်သက်ပေါ်ပေါက်လာက မူလပညတ်ချက်ကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သည်။ ထို့နောက် သိက္ခာပုဒ်ပါဝေါဟာရ အသီးသီး၏ အနက်နှင့် ထိုသိက္ခာပုဒ်နှင့် သက်ဆိုင်သော လမ်းညွှန်ချက်များကို ဆက်လက်ဖော်ပြသည်။ ဘုရားရှင်ကိုယ်တိုင် စစ်ဆေးဆုံးဖြတ်ခဲ့သော အမှုကိစ္စများကိုလည်း စုပေါင်းမှတ်တမ်းတင်ထားသည်။ အချုပ်ဆိုရသော် ဥဘတောဝိဘင်္ဂသည် ပါတိမောက္ခ သိက္ခာပုဒ်အသီးသီး၏ သမိုင်းကြောင်းနှင့် အနက်အဓိပ္ပာယ် အဆုံးအဖြတ်ကိုပါ ဖော်ပြသော ကျမ်းစာဖြစ်သည်။ ယင်းကို လေ့လာခြင်းဖြင့် လူ့ဝတ်ကြောင်တို့၏ တရားဥပဒေနှင့် တူညီမှု ခြားနားမှုတို့ကို သိရှိနိုင်သည့်အပြင် ရှေးခေတ် အိန္ဒိယပြည်၏ တရားစီရင်မှုကိုလည်း တစေ့တစောင်း နားလည်နိုင်ပေသည်။

ခန္ဓက။ ။ခန္ဓကသည် ဝိနယပိဋက၏ ဒုတိယကျမ်းစာဖြစ်သည်။ တူညီဆက်စပ်နေသော အကြောင်းအရာများကို စုပေါင်းစီစဉ်ထားသောကြောင့် ခန္ဓက(=အစု)ဟု မှည့်ခေါ်ထားဟန်ရှိသည်။ ခန္ဓက ၂၂-ခုရှိရာ ပထမ ၁၀-ခုကို မဟာဝဂ္ဂ၊ ဒုတိယ ၁၂-ခုကို စူဠဝဂ္ဂဟု ထပ်မံခွဲခြားထားသည်။

မဟာဝဂ္ဂတွင် အစဆုံးဖြစ်သော မဟာခန္ဓကသည် ကျယ်ဝန်းသည်နှင့်အမျှ အရေးပါသော အပိုင်းလည်း ဖြစ်သည်။ ဤအခန်းတွင် သမိုင်းကြောင်းအနေဖြင့် ဘုရားရှင် ပွင့်ပေါ်ပုံ၊ ရဟန်းတော်များ ထွက်ပေါ်ပုံနှင့် သံဃာ့ အဖွဲ့အစည်း ဖြစ်လာပုံ စသည်တို့ကို မှတ်တမ်းတင်၍ ရဟန်းအဖြစ် (ဝါ) သံဃာ့အဖွဲ့ဝင်အဖြစ် လက်ခံရေးနှင့်

အုပ်ချုပ်ရေးကိုလည်း ညွှန်ပြထားသည်။ ရဟန်းခံပေးရာတွင် ဆောင်ရွက်ရမည့် တာဝန်များနှင့် ရဟန်းလောင်းအဖို့ ကျန်းမာရေး အုပ်ချုပ်ရေးစသည့် လိုအပ်ချက်၊ တားမြစ်ချက် များကိုပါ သတ်မှတ်ထားသည်။ အုပ်ချုပ်ရေးတွင် ဆရာတပည့်အနေဖြင့် ထားရှိ၍ ဆရာနှင့်တပည့် အချင်းချင်းအပေါ် ဆောင်ရွက်ပြုစုရမည့် တာဝန်များကို ညွှန်ပြထားသည်။ ရဟန်းတပါးသည် ကျင့်ဝတ် စည်းကမ်းများကို တတ်သိနားလည်ပါက ငါးဝါအရတွင် ဆရာမရှိပဲ သီးခြားနေနိုင်သည်။ သို့ရာတွင် ဆယ်ဝါရမှသာ မိမိကိုယ်တိုင် ဆရာအဖြစ်ဖြင့် ဦးစီးဦးဆောင်ပြုနိုင်သည်။ မဟာခန္ဓကလာ အတိုင်း လိုက်နာကြိုးပမ်းပါက ဆရာကောင်း တပည့်ကောင်းဖြစ်သော ရဟန်းကောင်းများ ထွက်ပေါ်၍ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ရေးအတွက် ခိုင်မာလှသော အခြေခံ ရရှိလာနိုင်သည်။

မဟာခန္ဓကနောက် ဆက်လက်ပါရှိသော ခန္ဓကများ၌မူ ဥပုသ်ပြုခြင်း၊ သိမ်သမုတ်ခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်ခင်းခြင်းစသော သံဃာ့အဖွဲ့ဆိုင်ရာ လုပ်ငန်းများ၊ ရဟန်းတော်များလက်ခံသင့် ရှောင်ရှားသင့်သောအသုံးအဆောင်များ၊ အဖွဲ့လိုက် အရေးယူ ဆောင်ရွက်ရသော သံဃာကံများ၊ထိုကံအသီးသီးအတွက် လိုအပ်သော အဖွဲ့ဝင်ဦးရေစသည်တို့ကို ကဏ္ဍအလိုက် သတ်မှတ်ဖော်ပြထားသည်။ သံဃာ့အဖွဲ့ကွဲလုနီးန်းဖြစ်ခဲ့သော ကောသမ္ဗီသံဃာများ၏ အရေးကိစ္စကိုလည်း မှတ်တမ်းတင်ထားသည်။

အလားတူပင် စူဠဝဂ္ဂ၌လည်း ရှေ့ပိုင်းတွင် သံဃာ့ကံနှင့် ပတ်သက်သော အကြောင်းအရာများ၊ ကျောင်းဆောက်လုပ်ခြင်း ရှင်ဒေဝဒတ်ကြောင့် သံဃာကွဲပြားခြင်း စသည်တို့ကို ရှင်းလင်းဖော်ပြထားသည်။ ဒသမအခန်းဖြစ်သော ဘိက္ခုနီခန္ဓက၌မူ ဗုဒ္ဓသာသနာတော်တွင်

ရဟန်းမိန်းမများ ပေါ်ပေါက်လာပုံနှင့် ယင်းတို့နှင့်ပတ်သက်သော ကိစ္စအသေးအဖွဲ့များကို မှတ်တမ်းတင်ထားသည်။ နောက်ဆုံးဖြစ်သော ခန္ဓက ၂-ခုသည် ဝိနယပိဋကနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း မရှိပေ၊ သို့ရာတွင် ဝိနည်းပညတ်ချက်များကို အကြောင်းခံ၍ ပေါ်ပေါက်လာသော အရေးကိစ္စများ ဖြစ်သောကြောင့် စူဠဝဂ္ဂတွင် နောက်ဆက်တွဲအဖြစ် သတ်မှတ်ထည့်သွင်းထားခြင်းဖြစ်သည်။

ထိုခန္ဓက ၂-ခုအနက် ပထမခန္ဓကသည် ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ၃-လအကြာတွင် ကျင်းပသော ပထမသံဂါယနာ (ပထမသင်္ဂီတိ)မှတ်တမ်း ဖြစ်သည်။ ဤသံဂါယနာကျင်းပရခြင်းမှာ ဝိနည်းဥပဒေကို ချေဖျက်လိုသော သုဘဒ်ရဟန်းကြီး၏ စကားကြောင့် ဖြစ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီးစ ခုနစ်ရက်အရတွင် ငါတို့သည် ရဟန်းဂေါတမလက်မှ လွတ်ပြီ၊ ငါတို့ကြိုက်ရာကိုလုပ်၍ မကြိုက်ရာကို မလုပ်ကြအံ့ စသည်ဖြင့် သုဘဒ်ရဟန်းကြီးက လှုံ့ဆော်ပြောဆိုမှုကြောင့် ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့စုဝေးကာ သံဂါယနာတင်ကြသည်။ ဓမ္မဝိနယကို စိစစ်လက်ခံပြီးနောက် ဝိနည်းဥပဒေများကို အတိုးအလျှော့မပြုပဲ ဘုရားရှင်ပညတ်ခဲ့သည့်အတိုင်း လိုက်နာကြမည်ဟု ဆုံးဖြတ်ကြသည်။

ဒုတိယခန္ဓကသည်လည်း သာသနာအနှစ်တရာတွင် ကျင်းပသော ဒုတိယသံဂါယနာမှတ်တမ်းဖြစ်သည်။ ဤသံဂါယနာကျင်းပရခြင်းမှာ ဝိနည်းဥပဒေနှင့် ဆန့်ကျင်သော ဝဇ္ဇီတိုင်းသားရဟန်းတို့၏ အပြုအမူ ၁၀-ချက်ကြောင့် ဖြစ်သည်။ ရဟန္တာခုနစ်ရာပါရှိသော အစည်းအဝေး၌ ထိုအပြုအမူများကို ဝိနည်းသိက္ခာပုဒ်နှင့် မညီဟု ပယ်ရှားဆုံးဖြတ်ကြသည်။ ယင်းသို့ ဝိနည်းပညတ်ချက်များကို အကြောင်းခံ၍ ကျင်းပ

သော သင်္ဂါယနာများ ဖြစ်သောကြောင့် ဝိနယပိဋကက စူဠဝဂ္ဂကျမ်းတွင် ယင်းတို့ကို ထည့်သွင်းထားရှိခြင်းဖြစ်သည်။

ပရိဝါရ။ ။ပရိဝါရသည် ဝိနယပိဋက၏ နောက်ဆုံး ကျမ်းစာဖြစ်သည်။ ဤကျမ်းတွင် ဥဘတောဝိဘင်္ဂနှင့် ခန္ဓကတွင် ပါရှိပြီးသော အကြောင်းအရာများကို သရုပ်ခွဲပုံစံအနေဖြင့် တနည်းတဖုံစီစဉ်ထားသည်။ များသောအားဖြင့် အမေးအဖြေအဖြစ် ရေးသားထား၍ အချို့သော အခန်းတွင် ပဟေဠိသဘောမျိုးဖြင့် ဉာဏ်စမ်းပြဿနာများကို ဖော်ပြထားသည်။ ဤကျမ်း၏ ထူးခြားချက်မှာ ဝိနယပိဋကကို နှုတ်တက်ဆောင်ယူလာသော ဆရာအစဉ်အဆက်စာရင်းကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုစာရင်းတွင် အိန္ဒိယနိုင်ငံ၌ ရှင်ဥပါလိမှ ရှင်မောဂ္ဂလိပုတ္တတိဿအထိ ပါရှိသည်။ ထို့နောက် ရှင်မဟိန္ဒ အမှူးရှိသော မထေရ်တို့ သီဟိုဠ်ကျွန်းသို့ကြွကာ ပိဋကတ်သုံးပုံကို ပို့ချသင်ကြားရာမှတဆင့် ရှင်သိဝတိုင်အောင်သော သီဟိုဠ်ဆရာစဉ်ကို ရေးသားထားသည်။ ဤအချက်ကို ထောက်၍ ပရိဝါရသည် သီဟိုဠ်ကျွန်း၌ ပြုစုသော ကျမ်းစာဖြစ်သည်ဟု အနောက်တိုင်းပါဠိပညာရှင်များ ယူဆကြသည်။ ရှင်ဗုဒ္ဓဃောသကမူ ထိုဆရာစဉ်ကို ဖော်ပြသော ဂါထာများမှာ ရှေးမထေရ်များ ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆို၍ ဝိနည်းဋီကာဆရာတို့ကလည်း ရှေးမထေရ်များဟူသည်မှာ ပိဋကတ်တော်ကို ပေထက်အက္ခရာတင်ခဲ့သော မထေရ်များပင် ဖြစ်သည်ဟု တညီတညွတ်တည်း ဖော်ပြကြသည်။

ဤသို့ အကြောင်းအရာကို လိုက်၍ ဝိနယပိဋကကို သုံးမျိုးခွဲထားရာတွင် ဥဘတောဝိဘင်္ဂကို ဘိက္ခုဝိဘင်္ဂနှင့် ဘိက္ခုနီဝိဘင်္ဂဟူ၍လည်းကောင်း၊ ခန္ဓကကို မဟာဝဂ္ဂနှင့် စူဠဝဂ္ဂဟူ၍လည်းကောင်း ထပ်မံခွဲခြားခြင်းဖြင့် ဘိက္ခုဝိဘင်္ဂ၊ ဘိက္ခုနီဝိဘင်္ဂ၊ မဟာဝဂ္ဂ၊ စူဠဝဂ္ဂ ပရိဝါရ-ဟု ဝိနည်းငါးကျမ်းရှိကြောင်း ပြောဆိုကြသည်။

# ဝိနယပိဋက

## (ကောက်နုတ်ချက်)

### မဟာဝဂ္ဂပါဠိ ရာဟုလဝတ္ထု

အထ ခေါ ဘဂဝါ ရာဇဂဟေ ယထာဘိရန္တံ ဝိဟရိတွာ ယေန ကပိလဝတ္ထု၊ တေန စာရိကံ ပက္ကာမိ၊ အနုပုဗ္ဗေန စာရိကံ စရမာနော ယေန ကပိလဝတ္ထု၊ တဒဝသရိ၊ တတြ သုဒံ ဘဂဝါ သက္ကေသု ဝိဟရတိ ကပိလဝတ္ထုသ္မိံ နိဂြောဓာရာမေ။

အထ ခေါ ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန သုဒ္ဓေါဒနဿ သက္ကဿ နိဝေသနံ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ။ အထ ခေါ ရာဟုလမာတာ ဒေဝီ ရာဟုလံ ကုမာရံ ဧတဒဝေါစ "ဧသော တေ ရာဟုလ ပိတာ ဂစ္ဆဿု ဒါယဇ္ဇံ ယာစာဟီ"တိ။ အထ ခေါ ရာဟုလော ကုမာရော ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတော ပုရတော အဋ္ဌာသိ "သုခါ တေ သမဏ ဆာယာ"တိ။

အထ ခေါ ဘဂဝါ ဥဋ္ဌာယာသနာ ပက္ကာမိ။ အထ ခေါ ရာဟုလော ကုမာရော ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ "ဒါယဇ္ဇံ မေ သမဏ ဒေဟိ၊ ဒါယဇ္ဇံ မေ သမဏ ဒေဟီ"တိ။ အထ ခေါ ဘဂဝါ အာယသ္မန္တံ သာရိပုတ္တံ အာမန္တေသိ "တေန ဟိ တွံ သာရိပုတ္တ ရာဟုလံ ကုမာရံ ပဗ္ဗာဇေဟီ"တိ။ "ကထာဟံ ဘန္တေ ရာဟုလံ ကုမာရံ ပဗ္ဗာဇေမီ"တိ။

အထ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ "အနုဇာနာမိ ဘိက္ခဝေ တီဟိ

သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇံ။ ဧဝဉ္စ ပန ဘိက္ခဝေ ပဗ္ဗာဇေတဗ္ဗော၊ ပဌမံ ကေသမဿုံ ဩဟာရာပေတွာ ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒါပေတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥက္ကုဋိကံ နိသီဒါပေတွာ အဉ္ဇလိံ ပဂ္ဂဏှာပေတွာ ‘ဧဝံ ဝဒေဟီ’ တိ ဝတ္တဗ္ဗော ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမီ’ တိ၊ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ တီဟိ သရဏဂမနေဟိ သာမဏေရပဗ္ဗဇ္ဇ”န္တိ။ အထ ခေါ အာယသ္မာ သာရိပုတ္တော ရာဟုလံ ကုမာရံ ပဗ္ဗာဇေသိ။

အထ ခေါ သုဒ္ဓေါဒနော သက္ကော ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ သုဒ္ဓေါဒနော သက္ကော ဘဂဝန္တံ ဧတဒဝေါစ “ဧကာဟံ ဘန္တေ ဘဂဝန္တံ ဝရံ ယာစာမီ”တိ။ “အတိက္ကန္တဝရာ ခေါ ဂေါတမ တထာဂတာ”တိ။ “ယဉ္စ ဘန္တေ ကပ္ပတိ၊ ယဉ္စ အနဝဇ္ဇ”န္တိ။ “ဝဒေဟိ ဂေါတမာ”တိ။

“ဘဂဝတိ မေ ဘန္တေ ပဗ္ဗဇိတေ အနပ္ပကံ ဒုက္ခံ အဟောသိ၊ တထာ နန္ဒေ အဓိမတ္တံ ရာဟုလေ၊ ပုတ္တပေမံ ဘန္တေ ဆဝိံ ဆိန္ဒတိ၊ ဆဝိံ ဆေတွာ စမ္မံ ဆိန္ဒတိ၊ စမ္မံ ဆေတွာ မံသံ ဆိန္ဒတိ၊ မံသံ ဆေတွာ နှာရုံ ဆိန္ဒတိ၊ နှာရုံ ဆေတွာ အဋ္ဌိံ ဆိန္ဒတိ၊ အဋ္ဌိံ ဆေတွာ အဋ္ဌိမိဉ္ဇံ အာဟစ္စ တိဋ္ဌတိ၊ သာဓု ဘန္တေ အယျာ အနနုညာတံ မာတာပိတူဟိ ပုတ္တံ န ပဗ္ဗာဇေယျု”န္တိ။

အထ ခေါ ဘဂဝါ သုဒိန္နံ သက္ကံ ဓမ္မိယာ ကထာယ သန္ဒဿေသိ သမာဒပေသိ သမုတ္တေဇေသိ သမ္ပဟံသေသိ။ **အသ** ခေါ သုဒိန္နော သက္ကော ဘဂဝတာ ဓမ္မိယာ ကထာယ သန္ဒဿိတော သမာဒပိတော သမုတ္တေဇိတော သမ္ပဟံသိတော ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေ-တွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။

အသ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ၊ "န ဘိက္ခဝေ အနနုညာတော မာတာပိ-တူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿာ" တိ။

## မဟာဝဂ္ဂပါဠိ ဥပါလိဒါရကဝတ္ထု

တေန ခေါ ပန သမယေန ရာဇဂဟေ သတ္တရသဝဂ္ဂိယာ ဒါရကာ သဟာယကာ ဟောန္တိ၊ ဥပါလိဒါရကော တေသံ ပါမောက္ခော ဟောတိ။ အထ ခေါ ဥပါလိဿ မာတာပိတူနံ ဧတဒဟောသိ “ကေန နု ခေါ ဥပါယေန ဥပါလိ အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျာ”တိ။

အထ ခေါ ဥပါလိဿ မာတာပိတူနံ ဧတဒဟောသိ “သစေ ခေါ ဥပါလိ လေခံ သိက္ခေယျ၊ ဧဝံ ခေါ ဥပါလိ အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျာ”တိ။ အထ ခေါ ဥပါလိဿ မာတာပိတူနံ ဧတဒဟောသိ “သစေ ခေါ ဥပါလိ လေခံ သိက္ခိဿတိ၊ အင်္ဂုလိယော ဒုက္ခာ ဘဝိဿန္တိ၊ သစေ ခေါ ဥပါလိ ဂဏနံ သိက္ခေယျ၊ ဧဝံ ခေါ ဥပါလိ အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျာ”တိ။ အထ ခေါ ဥပါလိဿ မာတာပိတူနံ ဧတဒဟောသိ “သစေ ခေါ ဥပါလိ ဂဏနံ သိက္ခိဿတိ၊ ဥရဿ ဒုက္ခော ဘဝိဿတိ၊ သစေ ခေါ ဥပါလိ ရူပံ သိက္ခေယျ၊ ဧဝံ ခေါ ဥပါလိ အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျာ”တိ။ အထ ခေါ ဥပါလိဿ မာတာပိတူနံ ဧတဒဟောသိ “သစေ ခေါ ဥပါလိ ရူပံ သိက္ခိဿတိ၊ အက္ခီနိ ဒုက္ခာ ဘဝိဿန္တိ၊ ဣမေ ခေါ သမဏာ သကျပုတ္တိယာ သုခသီလာ သုခသမာစာရာ သုဘောဇနာနိ ဘုဉ္ဇိတွာ နိဝါတေသု သယနေသု သယန္တိ။ သစေ ခေါ

ဥပါလိ သမဏေသု သကျပုတ္တိယေသု ပဗ္ဗဇေယျ၊ ဧဝံ ခေါ ဥပါလိ အမှာကံ အစ္စယေန သုခဉ္စ ဇီဝေယျ၊ န စ ကိလမေယျာ”တိ။

အဿောသိ ခေါ ဥပါလိဒါရကော မာတာပိတူနံ ဣမံ ကထာသလ္လာပံ။ အထ ခေါ ဥပါလိဒါရကော ယေန တေ ဒါရကာ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ တေ ဒါရကေ ဧတဒဝေါစ “ဧထ မယံ အယျာ သမဏေသု သကျပုတ္တိယေသု ပဗ္ဗဇိဿာမာ”တိ။ “သစေ ခေါ တွံ အယျ ပဗ္ဗဇိဿသိ၊ ဧဝံ မယမ္ပိ ပဗ္ဗဇိဿာမာ”တိ။ အထ ခေါ တေ ဒါရကာ ဧကမေကဿ မာတာပိတရော ဥပသင်္ကမိတွာ ဧတဒဝေါစုံ “အနုဇာနာထ မံ အဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇ္ဇာယာ”တိ။ အထ ခေါ တေသံ ဒါရကာနံ မာတာပိတရော “သဗ္ဗေပိမေ ဒါရကာ သမာနစ္ဆန္ဒာ ကလျာဏာဓိပ္ပာယာ”တိ အနုဇာနိံသု။ တေ ဘိက္ခူ ဥပသင်္ကမိတွာ ပဗ္ဗဇ္ဇံ ယာစိံသု။ တေ ဘိက္ခူ ပဗ္ဗာဇေသုံ ဥပသမ္ပာဒေသုံ။

တေ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ရောဒန္တိ “ယာဂုံ ဒေထ ဘတ္တံ ဒေထ ခါဒနီယံ ဒေထာ”တိ။ ဘိက္ခူ ဧဝမာဟံသု “အာဂမေထ အာဝုသော ယာဝ ရတ္တိ ဝိဘာယတိ၊ သစေ ယာဂု ဘဝိဿတိ ပိဝိဿထ၊ သစေ ဘတ္တံ ဘဝိဿတိ ဘုဉ္ဇိဿထ၊ သစေ ခါဒနီယံ ဘဝိဿတိ ခါဒိဿထ၊ နော စေ ဘဝိဿတိ ယာဂု ဝါ ဘတ္တံ ဝါ ခါဒနီယံ ဝါ ပိဏ္ဍာယ စရိတွာ ဘုဉ္ဇိဿထာ”တိ။ ဧဝမ္ပိ ခေါ တေ ဘိက္ခူ ဘိက္ခူဟိ ဝုစ္စမာနာ ရောဒန္တိယေဝ “ယာဂုံ ဒေထ ဘတ္တံ ဒေထ ခါဒနီယံ ဒေထာ”တိ၊ သေနာသနံ ဦဟဒန္တိပိ ဥမ္မိဟန္တိပိ။

အဿောသိ ခေါ ဘဂဝါ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ဒါရကသဒ္ဒံ၊ သုတွာန အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ “ကိံ

နု ခေါ သော အာနန္ဒ ဒါရကဿေဝါ”တိ။ အထ ခေါ အာယသ္မာ အာနန္ဒော ဘဂဝတော ဧတမတ္ထံ အာရောစေသိ။

အထ ခေါ ဘဂဝါ ဧတသ္မိံ နိဒါနေ ဧတသ္မိံ ပကရဏေ ဘိက္ခုသံဃံ သန္နိပါတာပေတွာ ဘိက္ခူ ပဋိပုစ္ဆိ “သစ္စံ ကိရ ဘိက္ခဝေ ဘိက္ခူ ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေန္တီ”တိ။ “သစ္စံ ဘဂဝါ”တိ။ ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ အနနုစ္ဆဝိကံ မောဃပုရိသာ အနနုလောမိကံ အပ္ပတိရူပံ အဿာမဏကံ အကပ္ပိယံ အကရဏီယံ၊ ကထံ ဟိ နာမ တေ ဘိက္ခဝေ မောဃပုရိသာ ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ ဥပသမ္ပာဒေဿန္တိ။

“ဦနဝီသတိဝဿော ဘိက္ခဝေ ပုဂ္ဂလော အက္ခမော ဟောတိ သီတဿ ဥဏှဿ ဇိဃစ္ဆာယ ပိပါသာယ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ တိဗ္ဗာနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ ပါဏဟရာနံ အနဓိဝါသကဇာတိကော ဟောတိ။

ဝီသတိဝဿော စ ခေါ ဘိက္ခဝေ ပုဂ္ဂလော ခမော ဟောတိ သီတဿ ဥဏှဿ ဇိဃစ္ဆာယ ပိပါသာယ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ တိဗ္ဗာနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ ပါဏဟရာနံ အဓိဝါသကဇာတိကော ဟောတိ။ နေတံ ဘိက္ခဝေ အပ္ပသန္နာနံ ဝါ ပသာဒါယ ပသန္နာနံ ဝါ ဘိယျောဘာဝါယ။ အထ ခွေတံ ဘိက္ခဝေ အပ္ပသန္နာနဉ္စေဝ အပ္ပသာဒါယ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တာယာ”တိ။

အထ ခေါ ဘဂဝါ တေ ဘိက္ခူ အနေကပရိယာယေန ဝိဂရဟိတွာ ဒုဗ္ဘရတာယ ဒုပ္ပေါသတာယ မဟိစ္ဆတာယ အသန္တုဋ္ဌိတာယ

သင်္ဂဏိကာယ ကောသဇ္ဇဿ အဝဏ္ဏံ ဘာသိတွာ အနေကပရိယာယေန သုဘရတာယ သုပေါသတာယ အပ္ပိစ္ဆဿ သန္တုဋ္ဌဿ သလ္လေခဿ ဓုတဿ ပါသာဒိကဿ အပစယဿ ဝီရိယာရမ္ဘဿ ဝဏ္ဏံ ဘာသိတွာ ဘိက္ခူနံ တဒနုစ္ဆဝိကံ တဒနုလောမိကံ ဓမ္မိံ ကထံ ကတွာ ဘိက္ခူ အာမန္တေသိ “န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ ယထာ ဓမ္မော ကာရေတဗ္ဗော”တိ။

# သံယုတ္တနိကာယ

## (မှတ်စုအကျဉ်း)

သံယုတ္တနိကာယ်သည် သုတ္တန္တပိဋက၏ တတိယကျမ်းစာဖြစ်သည်။ ဤနိကာယ်နှင့် သက်ဆိုင်သော သံယုတ္တ၏အဓိပ္ပာယ် ကျမ်းစာစီစဉ်ပုံနှင့် အကြောင်းအရာ အကျဉ်းကို တက္ကသိုလ်ပါဠိဖတ်စာ အပိုင်း(၁) နှင့် အပိုင်း (၂) တွင် ဖော်ပြပြီးဖြစ်သည်။ ထို့ကြောင့် ဤဖတ်စာ အပိုင်း (၃)တွင် အကြောင်းအရာပိုင်းကို ဦးစားပေး၍ အနည်းငယ် ချဲ့ထွင် ရေးသားပါမည်။

တက္ကသိုလ် ပါဠိဖတ်စာ အပိုင်း (၂)၌ ဖော်ပြခဲ့သည့် အတိုင်း သံယုတ္တနိကာယ်ကို အောက်ပါအတိုင်း (၅)ပိုင်း ခွဲခြားထားသည်—

(၁) သဂါထာဝဂ္ဂသံယုတ္တ၊

(၂) နိဒါနဝဂ္ဂသံယုတ္တ၊

(၃) ခန္ဓဝဂ္ဂသံယုတ္တ၊

(၄) သဠာယတနဝဂ္ဂသံယုတ္တ၊

(၅) မဟာဝဂ္ဂသံယုတ္တ။

ထို အပိုင်းအသီးသီး၌ သံယုတ္တ (၁၀)ခုမှ (၁၃) ခုစီအထိ ပါရှိ၍ ယင်းသံယုတ္တများကို ဝဂ္ဂအားဖြင့်ထပ်မံခွဲခြားထားသည်။ ဝဂ္ဂတခုစီတွင် သုတ္တ ၅-ခုမှ ၁၄-ခုစီ အထိ ပါရှိသည်။ သုတ္တများသည် ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်များ၌ကဲ့သို့ မရှည်ပဲ အတိုများသာ ဖြစ်သည်။ ဤနိကာယ်၌ ပါရှိသော သုတ္တစုစုပေါင်းမှာ(၇၇၆၂)ခု ရှိသည်ဟု သံယုတ္တ-အဋ္ဌကထာ၌ဖော်ပြထားသည်။

**သဂါထာဝဂ္ဂသံယုတ္တ**

ဤအပိုင်း၌ ဒေဝတာသံယုတ္တ, ဒေဝပုတ္တသံယုတ္တ စသည်ဖြင့် သံယုတ် (၁၁)ခု ပါရှိသည်။ ထိုသံယုတ္တတို့၌ သုတ်တိုင်းတွင် ဂါထာပါ ရှိသည်။ အချို့သော သုတ်များတွင် ဂါထာသက်သက်သာ ပါရှိ၍ အချို့တွင်စကားပြေနှင့် ရောနှောပါရှိသည်။ ထို့ကြောင့် ဤပထမပိုင်းကို သဂါထာဝဂ္ဂသံယုတ္တဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဤ သဂါထာဝဂ္ဂ-သံယုတ္တတွင် ပါဝင်သော အကြောင်းအရာတို့မှာ များသောအားဖြင့် ကိုယ်ကျင့်တရား လူမှုရေးတို့နှင့်သက်ဆိုင်သည်။ ပုံစံအားဖြင့် လောဘ-ဒေါသမာန· တို့ကို ပယ်စွန့်ခြင်း, ရုပ်နာမ်တို့၌ မတပ်မက်ခြင်း, အပြော နှင့် အလုပ် ကိုက်ညီစေခြင်း, နောင်တ ပူပန်ရမည့် အပြုအမူများကို ရှောင်ကြဉ်၍ နောင်တပူပန်မှုကင်းသော အပြုအမူများကို ပြုမူခြင်း, အများအတွက် ဥယျာဉ် အ· ဉမ်ပြုစုခြင်း, တံတားဆောက်ခြင်း, ရေတွင်း ရေကန်တူးခြင်း, မိမိကိုယ်ကို ချစ်မြတ်နိုးသည်ဆိုကာ ကိုယ်ကို ဆင်းရဲစေမည့် ဒုစရိုက်များကို မပြုပဲ သုစရိုက်များကိုသာ ပြုမူခြင်း, လူတိုင်းပင် ကိုယ့်ကိုယ်ကို ချစ်မြတ်နိုးကြသဖြင့် ကိုယ်ချင်းစာ တရားထားကာ သူတပါးကိုမညှဉ်းဆဲမနှိပ်စက်ခြင်း စသည်တို့ဖြစ် သည်။ အချို့သော သုတ္တများမှာ ဆောင်ပုဒ်သဘောကို ဆောင်လျက် ရှိပေသည်။ ပုံစံအားဖြင့်—

ရသား၏ တံခွန် ကား အလံ၊
မီး၏ တံခွန်ကား မီးခိုး၊
တိုင်းပြည်၏ တံခွန်ကား မင်း၊
မိန်းမ၏ တံခွန်ကား လင်ယောကျ်ား၊
မိမိကိုယ်နှင့် တူသော ချစ်သူ မရှိ၊

စပါးနှင့် တူသော ဥစ္စာ မရှိ၊
ပညာနှင့် တူသော အလင်းရောင် မရှိ၊
မိုးရေနှင့် တူသော ရေအိုင် မရှိ- စသည်တို့ ဖြစ်သည်။

ထို့ပြင် ကောသလသံယုတ်လာ ကောသလမင်း၏ အထောက်တော်များဖြင့် နိုင်ငံ၏ အရေးအခင်းကို စုံစမ်းထောက်လှမ်းကာ လိုအပ်သည်ကို ဖြည့်စွက်ဆောင်ရွက်ခြင်း, လူထက် အရည်အချင်းကို မူတည်၍ ချီးမြှောက်ခြင်းစသည်တို့မှာလည်း ထိုခေတ် အိန္ဒိယနိုင်ငံ၏ အဆင့်အတန်းကို ညွှန်ပြသော မှတ်တိုင်များ ဖြစ်ပေသည်။

**နိဒါနဝဂ္ဂသံယုတ္တ**

ဤဒုတိယပိုင်း၌ သံယုတ္တ ၁၀-ခု ပါဝင်ရာ အစဆုံး သံယုတ္တမှာ နိဒါနသံယုတ္တဖြစ်သည်။ထိုအစ၌ရှိသောသံယုတ္တဖြင့် ဒုတိယပိုင်းတနုလုံးကို နိဒါနဝဂ္ဂသံယုတ္တဟု အမည်ပေးထားခြင်းဖြစ်သည်။ ဤအပိုင်း၌ ပါရှိသော သံယုတ်များအနက် နိဒါနသံယုတ်များတွင် အဝိဇ္ဇာ-သင်္ခါရ ဝိညာဉ်စသော ပဋိစ္စသမုပ္ပါဒ် (ဝါ) နိဒါနတို့ကို အကျယ်ရှင်းပြ၍ အဘိသမသံယုတ်၌ သစ္စာလေးပါးကိုသိခြင်း၏ အကျိုးကိုမျက်မှောက် ဥပမာအားဖြင့် နှိုင်းခိုင်းဖော်ပြသည်။ ဓာတုသံယုတ်တွင် ဓာတ်အမျိုးမျိုးကို ဖော်ပြရာ အချို့သော သုတ်များ၌ ဓာတုသည် စိတ်သဘောထားနှင့် အရည်အချင်းဟူသော အနက်ကို ဆောင်နေသည်။ ထို့ကြောင့် စိတ်ထားယုတ်ညံ့သူတို့ အချင်းချင်းသာ သဘောချင်းတိုက်ဆိုင်သကဲ့သို့ စိတ်ထားမြင့်မြတ်သူတို့မှာလည်း အလားတူ စိတ်ထားမြင့်မြတ်သူတို့နှင့်သာ သဘောချင်း နှီးနှောကြသည်ဟု ဆို

ထားပေသည်။ လာဘသက္ကာရသိလောကသံယုတ်တွင် လာဘ်လာဘ နှင့် ထင်ပေါ်ကျော်စောမှုကို တပ်မက်ခြင်းသည် မင်္ဂဖိုလ်အန္တရာယ်ဖြစ် သည်၊ အစာဖြင့် ဖုံးထားသော ငါးမျှားချိတ်ကို မျိုမိသော ငါးပမာ ပျက်စီးရသည် စသည်ဖြင့် လောကီလောကုတ္တရာ အကျိုးရှိရေးကို ဟောညွှန်ထားသည်။

## ခန္ဓဝဂ္ဂသံယုတ္တ

ဤတတိယပိုင်း၌ သံယုတ္တ (၁၃) ခုပါရှိ၍ အစဆုံးသံယုတ္တမှာ ခန္ဓ သံယုတ္တဖြစ်သည်။ ထို့ကြောင့် အစ၌ရှိသော သံယုတ်ကို အကြောင်း ပြု၍ တတိယပိုင်းတခုလုံးကို ခန္ဓဝဂ္ဂသံယုတ္တဟု အမည်ပေးထားသည်။ ဤအပိုင်း၌ ပါရှိသော သံယုတ်များ အနက် ခန္ဓသံယုတ်, ရာဇသံယုတ် စသည်တို့တွင် ခန္ဓာငါးပါး၌ ငါ-ငါ့ဥစ္စာဟု ထင်မြင်စွဲလမ်းမှုကြောင့် ပူဆွေးရခြင်း, စိတ်နှလုံးမသာယာခြင်းတို့ ဖြစ်ကြရသည်၊ယင်းသို့မထင် မြင် မစွဲလမ်းက ပူဆွေးခြင်းစသည်မှ ကင်းလွတ်ရသည် စသည်ဖြင့် လည်းကောင်း၊ ထိုခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ချုပ်ခြင်းစသည်ကို မသိ ခြင်းကြောင့် သဿတ, ဥစ္ဆေဒစသော အယူဝါဒအမျိုးမျိုး ဖြစ်ပေါ် ရပုံကိုလည်းကောင်း ဟောကြား၍ ယင်းတို့ကို အနိစ္စ, ဒုက္ခစသည်ဖြင့် ဆင်ခြင်ပွားများခြင်းဖြင့် ရဟန္တာအဖြစ်သို့ ရောက်နိုင်ပုံကို ညွှန်ပြ သည်။သို့ရာတွင် နာဂ, သုပဏ္ဏ စသော သံယုတ်များတွင်မူ နဂါး, ဂဠုန် ဂန္ဓဗ္ဗနတ်အမျိုးမျိုးကို ခွဲခြားပြ၍ ထိုနဂါး, ဂဠုန်စသည်တို့၏ ဘဝကို တောင့်တ၍ ဒါနကုသိုလ်ပြုခဲ့ခြင်းကြောင့် ယင်းအဖြစ်ကို ရရှိသည်ဟု ဟောကြားထားသည်။

### သဠာယတနဝဂ္ဂသံယုတ္တ

ဤစတုတ္ထပိုင်း၌ သံယုတ္တ ၁၀-ခုပါရှိသည်။ အစဆုံးဖြစ်သော သဠာယတနသံယုတ်ကို အကြောင်းပြု၍ စတုတ္ထပိုင်း တခုလုံးကို သဠာ-ယတနဝဂ္ဂသံယုတ္တဟု မှည့်ခေါ်ထားသည်။ ဤစတုတ္ထပိုင်းတွင်လည်း ပဓာနအားဖြင့် စက္ခု့သောတစသော အာယတနများ၌ စွဲလမ်းတပ်မက်မှုကို စွန့်ပယ်ခြင်း၊ ယင်းတို့၏ မတည်မြဲခြင်း အနိစ္စသဘောစသည်ကို သိရှိနားလည်သည်မှအစ အရဟတ္တဖိုလ်ကို ရသည်အထိ လောကုတ္တရာ ကြောင်းကို ပဓာနအားဖြင့် ရှင်းလင်းဖော်ပြသည်။ ဉပါဒါန်သက္ကာယစသည်တို့၏ သဘောကိုရှင်းပြ၍ မဂ္ဂင်ရှစ်ပါးကို ပွားများခြင်းဖြင့် ထိုဉပါဒါန်စသည်မှ လွတ်မြောက်နိုင်ကြောင်းကို ညွှန်ပြထားသည်။ ဤအပိုင်း၌ အမျိုးသမီးများနှင့် သက်ဆိုင်သော မာတုဂါမသံယုတ်ကိုပါ ထည့်သွင်း ဖော်ပြထားသည်။ယင်းမာတုဂါမသံယုတ်တွင် ယောကျ်ားများကို နှစ်သက်စေနိုင်သော အမျိုးသမီးတို့၏ အရည်အချင်းငါးပါး, မိန်းမတို့၏ အာဝေဏိက ဒုက္ခငါးဖြာ, အင်အားငါးသွယ်, မကောင်းသောအင်္ဂါ ငါးပါး, ကောင်းမွန်သောအင်္ဂါ ငါးပါးတို့ကို စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။

### မဟာဝဂ္ဂသံယုတ္တ

ဤပဉ္စမပိုင်း၌ သံယုတ္တ ၁၂-ခုပါရှိသည်၊ ဤအပိုင်း၌ ပါရှိသော သံယုတ်များသည် အခြားအပိုင်းပါ သံယုတ်များထက် ကျယ်ပြန့်သောကြောင့် ဤနောက်ဆုံး အပိုင်းကို မဟာဝဂ္ဂဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဤပဉ္စမပိုင်း၌ ပါရှိသောအကြောင်းအရာတို့မှာ မဂ္ဂင်, ဗောဇ္ဈင်, သတိပဋ္ဌာန်, ဣန္ဒြေ စသည့် လောကုတ္တရာ (ဝါ) ဗောဓိပက္ခိယဆိုင်ရာ တရားဓမ္မများဖြစ်သည်။ ထိုမဂ္ဂင်ရှစ်ပါးစသည်ကို ပွားများခြင်းဖြင့်

သံယောဇဉ် နီဝရဏ စသည့် မကောင်းသော အကုသိုလ်တရားတို့ကို ဖယ်ရှားပြီး မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပုံကို ဖော်ပြထားသည်။ ထို့ပြင် မိုက်မဲသူတို့အဖို့ လူ့ဘဝရနိုင်ခဲပုံကို လိပ်ကန်းဥပမာဖြင့် ရှင်းပြထားသည်။ သမုဒ္ဒရာ၌ အပေါက်တခုသာ ပါရှိသော ထမ်းပိုးကို မျှောထားသော အခါ အနှစ်တရာကြာမှ တကြိမ် ရေပေါ်သို့ ပေါ်လာသော လိပ်ကန်း တကောင်အဖို့ ထိုအပေါက်ထဲသို့ မိမိ၏လည်ပင်းကို သွင်းနိုင်ရန် ခဲယဉ်းလှသည်၊ မိုက်မဲသူတယောက်အဖို့ အပါယ်သို့ ကျရောက်သော အခါ လူ့အဖြစ်ကိုရရန် ထိုထက်ပင် ခဲယဉ်းသည်။ အဘယ့်ကြောင့် ဆိုသော် ထိုတိရစ္ဆာန်စသော အပါယ်ဘုံ၌ ကုသိုလ်ကောင်းမှု ပြုခွင့် ဖြစ်ခွင့်မရှိ၊ ကြီးနိုင် ငယ်ညှဉ်း သဘောဖြင့် အချင်းချင်း သတ်ဖြတ် စားသောက်မှုသာ များသောကြောင့် ဖြစ်သည် စသည်ဖြင့် သတိ သံဝေဂရဖွယ်များကို ရှင်းပြထားသည်။

# ကောသလသံယုတ္တ

## (ကောက်နုတ်ချက်)

### သဂါထာဝဂ္ဂသံယုတ္တ ပိယသုတ္တ

သာဝတ္ထိနိဒါနံ။ ဧကမန္တံ နိသိန္နော ခေါ ရာဇာ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတဒဝေါစ–ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ "ကေသံ နု ခေါ ပိယော အတ္တာ ကေသံ အပ္ပိယော အတ္တာ"တိ။ တဿ မယှံ ဘန္တေ ဧတဒဟောသိ "ယေ ခေါ ကေစိ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေသံ အပ္ပိယော အတ္တာ။ ကိဉ္စာပိ တေ ဧဝံ ဝဒေယျုံ 'ပိယော နော အတ္တာ'တိ။ အထ ခေါ တေသံ အပ္ပိယော အတ္တာ။ တံ ကိဿ ဟေတု။ ယံ ဟိ အပ္ပိယော အပ္ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ။ တသ္မာ တေသံ အပ္ပိယော အတ္တာ။ ယေ စ ခေါ ကေစိ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ တေသံ ပိယော အတ္တာ။ ကိဉ္စာပိ တေ ဧဝံ ဝဒေယျုံ 'အပ္ပိယော နော အတ္တာ'တိ။ အထ ခေါ တေသံ ပိယော အတ္တာ၊ တံ ကိဿ ဟေတု။ ယံ ဟိ ပိယော ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ။ တသ္မာ တေသံ ပိယော အတ္တာ"တိ။

ဧဝမေတံ မဟာရာဇ ဧဝမေတံ မဟာရာဇ၊ ယေ ဟိ ကေစိ မဟာရာဇ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေသံ အပ္ပိယော အတ္တာ။ ကိဉ္စာပိ တေ ဧဝံ

ဝဒေယျုံ “ပိယော နော အတ္တာ”တိ။ အထ ခေါ တေသံ အပ္ပိယော အတ္တာ။ တံ ကိဿ ဟေတု၊ ယံ ဟိ မဟာရာဇ အပ္ပိယော အပ္ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ။ တသ္မာ တေသံ အပ္ပိယော အတ္တာ၊ ယေ စ ခေါ ကေစိ မဟာရာဇ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ တေသံ ပိယော အတ္တာ။ ကိဉ္စာပိ တေ ဧဝံ ဝဒေယျုံ “အပ္ပိယော နော အတ္တာ”-တိ။ အထ ခေါ တေသံ ပိယော အတ္တာ။ တံ ကိဿ ဟေတု၊ ယံ ဟိ မဟာရာဇ ပိယော ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တ-နော ကရောန္တိ။ တသ္မာ တေသံ ပိယော အတ္တာတိ။ ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော အထာပရံ ဧတဒဝေါစ သတ္ထာ—

၁။ အတ္တာနဉ္စေ ပိယံ ဇညာ၊ န နံ ပါပေန သံယုဇေ။
န ဟိ တံ သုလဘံ ဟောတိ၊ သုခံ ဒုက္ကဋကာရိနာ။

၂။ အန္တကေနာဓိပန္နဿ၊ ဇဟတော မာနုသံ ဘဝံ။
ကိံ ဟိ တဿ သကံ ဟောတိ၊ ကိဉ္စ အာဒါယ ဂစ္ဆတိ။
ကိဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ။

၃။ ဥဘော ပုညဉ္စ ပါပဉ္စ၊ ယံ မစ္စော ကုရုတေ ဣဓ။
တံ ဟိ တဿ သကံ ဟောတိ၊ တဉ္စ အာဒါယ ဂစ္ဆတိ။
တဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ။

၄။ တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနန္တိ။

၁၇၇၉၁

# ကောသလသံယုတ္တ

## (ကောက်နုတ်ချက်)

### သဂါထာဝဂ္ဂသံယုတ္တ မလ္လိကာသုတ္တ

သာဝတ္ထိနိဒါနံ။ တေန ခေါ ပန သမယေန ရာဇာ ပသေနဒိ ကောသလော မလ္လိကာယ ဒေဝိယာ သဒ္ဓိံ ဥပရိပါသာဒဝရဂတော ဟောတိ။ အထ ခေါ ရာဇာ ပသေနဒိ ကောသလော မလ္လိကံ ဒေဝိံ ဧတဒဝေါစ “အတ္ထိ နု ခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော”တိ။ နတ္ထိ ခေါ မေ မဟာရာဇ ကောစညော အတ္တနာ ပိယတရော။ တုယှံ ပန မဟာရာဇ အတ္ထညော ကောစိ အတ္တနာ ပိယတရောတိ။ မယှမ္ပိ ခေါ မလ္လိကေ နတ္ထညော ကောစိ အတ္တနာ ပိယတရောတိ။

အထ ခေါ ရာဇာ ပသေနဒိ ကောသလော ပါသာဒါ ဩရောဟိတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ ရာဇာ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတဒဝေါစ “ဣဓာဟံ ဘန္တေ မလ္လိကာယ ဒေဝိယာ သဒ္ဓိံ ဥပရိပါသာဒဝရဂတော မလ္လိကံ ဒေဝိံ ဧတဒဝေါစ ‘အတ္ထိ နု ခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော’တိ။ ဧဝံ ဝုတ္တေ ဘန္တေ မလ္လိကာ ဒေဝီ မံ ဧတဒဝေါစ ‘နတ္ထိ ခေါ မေ မဟာရာဇ ကောစညော အတ္တနာ ပိယတရော။ တုယှံ ပန မဟာရာဇ အတ္ထညော ကောစိ အတ္တနာ ပိယတရော’တိ။ ဧဝံ ဝုတ္တာဟံ ဘန္တေ

မလ္လိကံ ဒေဝိံ ဧတဒဝေါစံ "မယှမ္ပိ ခေါ မလ္လိကေ နတ္ထညော ကောစိ အတ္တနာ ပိယတရော'တိ"။

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဂါထံ အဘာသိ—

"သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ န ဟိံသေ ပရမတ္တကာမော"တိ။

# အင်္ဂုတ္တရနိကာယ

(မှတ်စုအကျဉ်း)

သုတ္တန္တပိဋကကို ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒကဟူ၍ နိကာယ်အားဖြင့် ငါးမျိုးခွဲထားရာတွင် အင်္ဂုတ္တရနိကာယ်သည် သုတ္တန္တပိဋက၏ စတုတ္ထမြောက် နိကာယ်ကြီး ဖြစ်ပေသည်။

အင်္ဂုတ္တရနိကာယ်ဟူသည် (အင်္ဂ+ဥတ္တရ+နိကာယ) ဖြစ်၍ အင်္ဂါ တခုစီ အစဉ်အတိုင်း တိုးသွားသောနည်းဖြင့် စီစဉ်ထားသော သုတ်များ၏ အစုအပေါင်းဟု ဆိုလိုပါသည်။

ယင်း နိကာယ်၌ သုတ်ပေါင်း နှစ်ထောင်ကျော်ပါရှိရာ ယင်းသုတ်တို့ကို ဧကနိပါတ်, ဒုကနိပါတ်, တိကနိပါတ်, စတုက္ကနိပါတ် စသည်ဖြင့် ဧကာဒသကနိပါတ်တိုင် နိပါတ်ပေါင်း ၁၁-ခုပိုင်းခြားထားသည်။ တဖန် နိပါတ်တခုစီတွင် ပါဝင်သော သုတ်များကို တရားသဘောတူရာ အမျိုးတူမှုလိုက်၍လည်းကောင်း၊ သုတ်တို့၏ အတိုအရှည်ကိုလိုက်၍ လည်းကောင်း ဝဂ်အစုများ ဖွဲ့စည်းထားပါသည်။ ပုံစံမှာ—ဧကနိပါတ်တွင် ရုပ်အဆင်းနှင့် ပတ်သက်၍ ဟောကြားအပ်သော တရားသဘောတို့ကို ရူပါဒိဝဂ်၌ ထည့်သွင်းထားသည်။ နီဝရဏတရားများကို ပယ်အပ်ကြောင်းနှင့် ပတ်သက်၍ ဟောကြားအပ်သော ဒေသနာတို့ကို နီဝရဏပ္ပဟာနဝဂ်၌ ထည့်သွင်းထားသည်။ ဒုကနိပါတ်တွင် သူမိုက်နှင့် ပတ်သက်၍ ဟောကြားအပ်သော တရားတို့ကို ဗာလဝဂ်၌ ထည့်သွင်းထားသည်။ တိကနိပါတ်တွင် ရှည်လျားသော သုတ်ဒေသနာများကို စုပေါင်း၍ မဟာဝဂ်၌ ထည့်သွင်းထားသည်။ ယင်းသို့သော နည်းဖြင့်

ဖွဲ့စည်းအပ်သော ဝဂ်တခုစီတွင် များသောအားဖြင့် သုတ်ပေါင်း ဆယ်ခုစီ ပါရှိသည်။

အင်္ဂုတ္တရနိကာယ်၏ ထူးခြားသော အင်္ဂါရပ်မှာ တရားသဘော များကို သင်္ချာအရေအတွက်ဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ တရား သဘောတခုစီအဖြစ် ထင်ရှားသော ဒေသနာများကို ဧကနိပါတ်၌ ထည့်သွင်းထားသည်။ ပုံစံမှာ – မပွားများအပ်သေးသော စိတ်သည် အကျိုးမဲ့ခြင်းငှာ ဖြစ်စေသည့် တခုတည်းသော တရားဖြစ်၏၊ ပွားများ အပ်ပြီးသော စိတ်သည် အကျိုးရှိခြင်းငှာ ဖြစ်စေသည့် တခုတည်း သော တရားဖြစ်၏ စသည်ဖြင့် စိတ်နှင့်ပတ်သက်၍ ထင်ရှားသော တရားသဘော တမျိုးစီကိုလည်းကောင်း၊ ပမာဒတရားသည် အကုသိုလ် တရားတို့ကို ဖြစ်ပေါ်စေသည့် တခုတည်းသော တရားဖြစ်၍ အပ္ပမာဒ တရားသည် ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေသည့် တခုတည်းသော တရားဖြစ်သည် စသည်ဖြင့် တရားသဘော တမျိုးစီကိုလည်းကောင်း ဧကနိပါတ်၌ ထည့်သွင်းထားသည်။

ဒုကနိပါတ်၌ – သံယောဇဉ်၏အကြောင်း ဖြစ်ကုန်သော တရားတို့၌ သာယာသောအားဖြင့် အဖန်ဖန်ရှုခြင်းနှင့် သံယောဇဉ်တို့၏ အ ကြောင်းဖြစ်ကုန်သော တရားတို့၌ ငြီးငွေ့သောအားဖြင့် အဖန်ဖန် ရှုခြင်းနှစ်မျိုးတို့၏ အကျိုးမဲ့ခြင်းနှင့် အကျိုးကြီးခြင်း၊ လောကကို စောင့်ရှောက်ကုန်သော ဟိရီနှင့်ဩတ္တပ္ပ တရားနှစ်မျိုး၊ ဆင်ခြင်ခြင်း အား (ပဋိသင်္ခါနဗလ) နှင့် ပွားများခြင်းအား (ဘာဝနာဗလ) တည်း ဟူသောအားနှစ်မျိုး စသည်ဖြင့် သိမှတ်ဖွယ်တရားသဘော နှစ်မျိုး စီကို ထည့်သွင်းထားသည်။

တိကနိပါတ်၌ကား – မိမိအပြစ်ကို အပြစ်အားဖြင့် မရှုခြင်း၊ မိမိ အပြစ်ကို အပြစ်အားဖြင့် ရှုသော်လည်း တရားအလျောက် မကုစား

ခြင်း၊ သူတပါးသည် အပြစ်ကိုဝန်ခံ၍ ပြောလာပါလျက် တရား အလျောက် မခံယူခြင်းတည်းဟူသော သူမိုက်တို့၏ အင်္ဂါသုံးမျိုး အကြောင်း ရာဂ ဒေါသ မောဟတည်းဟူသော တရားသုံးမျိုးတို့၏ အကြောင်း စသည်ဖြင့် တရားသဘောသုံးမျိုးနှင့်ပတ်သက်၍ ဟောကြား အပ်သော ဒေသနာတော်များ များသောအားဖြင့် ပါရှိသည်။ ထို့ပြင် – တိကနိပါတ်နှင့် ပတ်သက်၍ မှတ်သားရန် ရှိသည်မှာ ယင်း နိပါတ် မဟာဝဂ်တွင် အရေအတွက် သုံးမျိုးနှင့် မပတ်သက်သော ရှည်လျား သည့် ဒေသနာများ ပါရှိခြင်းဖြစ်သည်။ ယင်းတို့မှာ ဝေနာဂပုရသုတ်၊ သရဘသုတ်၊ ကေသမုတ္တိသုတ်နှင့် သာဠှသုတ်တို့ ဖြစ်ကြသည်။ ယင်း သုတ်တို့အနက် ဗုဒ္ဓဝါဒ၏ လက်တွေ့ကျခြင်းသဘောကို အလေးအနက် ထားကာ ဟောကြားထားသောကေသမုတ္တိသုတ်သည်အထူးမှတ်သား ဖွယ် ကောင်းသည်နှင့်အမျှ အထူးထင်ရှားသည်။

စတုက္ကနိပါတ် ၌မူ—ရဟန်းတို့၏ သာသနာတော်မှ လျောကျခြင်း အကြောင်းတရားလေးပါး၊ မလျောကျခြင်း အကြောင်းတရား လေးပါး၊ ပုဂ္ဂိုလ်လေးမျိုးတို့၏ အကြောင်း၊ တဏှာဖြစ်ပေါ်ရာ အကြောင်းတရားလေးပါး၊ ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော ယောဂ တရားလေးပါး စသည်ဖြင့် အရေအတွက် လေးပါးရှိသည့်တရားများကို ဟောကြားထားသည်။

ပဉ္စကနိပါတ်တွင်မူ—မြတ်စွာဘုရားတို့၏ အားငါးပါး၊ ဒါန၏ အာနိသင်ငါးပါး၊ ကာလဒါန ငါးပါး၊ ပျက်စီးခြင်း ငါးပါး၊ သာသနာတော် အဓွန့်ရှည်စွာတည်တံ့စေခြင်း အကြောင်းတရား ငါးပါး၊ သာသနာ တော် ကွယ်ပျောက်စေခြင်းအကြောင်းတရားငါးပါး စသည်ဖြင့် အရေ အတွက် ငါးပါးရှိသည့် မှတ်သားဖွယ်ရာ ဒေသနာတော်များပါရှိသည်။

ဆက္ကနိပါတ် တွင်ကား—ရဟန်းတို့၏ အာဟုနေယျ ဂုဏ်တော် ခြောက်ပါး၊အနုဿတိခြောက်ပါး၊သာရဏီယတရား ခြောက်ပါး၊အပရိ-ဟာနိယတရား ခြောက်ပါး စသည်ဖြင့် အရေအတွက် ခြောက်မျိုးရှိသည့် တရားတော်များ ပါရှိသည်။

သတ္တကနိပါတ် တွင်—သိင်္ဂါလ်းသုံးဖော်တို့ မချစ်ခင် မလိုလားအပ်သော တရား ခုနစ်ပါး၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါး၊ ရေဥပမာရှိသော ပုဂ္ဂိုလ် ခုနစ်ပါး၊ အပရိဟာနိယ တရားခုနစ်ပါး စသည်ဖြင့် အရေအတွက် ခုနစ်ပါးရှိသည့် ဒေသနာတော်များကို ဟောကြားထားသည်။

အဋ္ဌကနိပါတ်တွင်လည်း—အရေအတွက် ရှစ်မျိုးရှိသည့် မှတ်သားဖွယ် ဒေသနာများ ပါရှိသည်။ ပုံစံမှာ မေတ္တာစိတ်ပွားများခြင်းဖြင့် ရရှိအပ်သော အကျိုးတရား ရှစ်ပါး၊ ပညာရရန် အကြောင်းတရား ရှစ်ပါး၊ လောကဓံတရား ရှစ်ပါး၊ အညစ်အကြေး ရှစ်ပါး၊ သပ္ပုရိသ-ဒါန ရှစ်ပါး စသော ရှစ်မျိုးစီပါရှိသည့် ဒေသနာတော်များဖြစ်သည်။

နဝကနိပါတ် တွင် – သညာကိုးမျိုး၊ဥပုသ်၏အင်္ဂါကိုးမျိုး၊ သတ္တဝါတို့၏နေရာ ကိုးမျိုး၊ ရန်ငြိုးဖွဲ့ကြောင်း ကိုးမျိုး၊ ရန်ငြိုးဖြစ်ကြောင်း ကိုးမျိုးစသည်ဖြင့် တရားသဘောကိုးမျိုးရှိသည့် ဒေသနာတော်များ ပါရှိသည်။

ဒသကနိပါတ် တွင် – သံယောဇဉ် ဆယ်ပါး၊ မြတ်စွာဘုရား၏ အားဆယ်ပါး၊ ဝိနည်းသိက္ခာပုဒ်ဆိုင်ရာ ပါတိမောက်ထားခြင်း ဆယ်မျိုး စသည်ဖြင့် အင်္ဂါဆယ်မျိုးရှိသည့် ဒေသနာများအပြင် လောက၌ ထင်ရှားရှိကုန်သောပုဂ္ဂိုလ် ဆယ်မျိုး၊ ကာမဂုဏ်ခံစားသူ ဆယ်မျိုး

စသည်ဖြင့် လောကီကြောင်းဆိုင်ရာ သိမှတ်ဖွယ် အပြာပြာကိုလည်း ဖော်ပြထားပါသည်။

နောက်ဆုံးဖြစ်သော ကောဒသနိပါတ် ၌ကား–သာသနာတော်၌ ကြီးပွားခြင်းသို့ ရောက်သော ရဟန်း၏အင်္ဂါရပ် တဆယ့်တပါးနှင့် ပတ်သက်၍နည်းအမျိုးမျိုးဖြင့်ဖော်ပြထားချက်များကိုလည်းကောင်း, ပျက်စီးခြင်း တဆယ့်တမျိုးကိုလည်းကောင်း နှလုံးသွင်းခြင်းနှင့် ပတ်သက်၍ သိမှတ်ဖွယ် အခြားဒေသနာအမျိုးမျိုးကိုလည်းကောင်း တွေ့ရှိရပါသည်။

အင်္ဂုတ္တရနိကာယ်၌ တရားဒေသနာများကို ယင်းကဲ့သို့ သင်္ချာအရေအတွက်ဖြင့် ပြဆိုခြင်းနှင့် ပတ်သက်၍ သုတေသီ ဝင်တာနိစ်က အင်္ဂုတ္တရနိကာယ်သည် အဘိဓမ္မာပိဋကၢ၏ ရှေ့ပြေးနိကာယ်ဖြစ်သည် သာမက အဘိဓမ္မာပိဋက အခြေခံအပ်သော နိကာယ်ဖြစ်တန်ရာသည် ဟု ဆိုပါသည်။

အချုပ်အားဖြင့် ဆိုရသော် အင်္ဂုတ္တရနိကာယ်သည် သုတ်အရေအတွက် များသည်နှင့်အမျှ လောကီ လောကုတ္တရာ နှစ်ဖြာကို အကျိုးပြုသော ဒေသနာတော် များစွာပါရှိသည့် နိကာယ်ကြီးဖြစ်ခြင်းကြောင့် အလေးထား၍ လေ့လာသင်ကြားသင့်သော နိကာယ်ဖြစ်ပါသည်။

# အင်္ဂုတ္တရနိကာယ

## (ကောက်နုတ်ချက်)

### ဒုကနိပါတ သမစိတ္တဝဂ္ဂ

အသပ္ပုရိသဘူမိဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ သပ္ပုရိသဘူမိဉ္စ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထ၊ ဘာသိဿာမီတိ။ "ဧဝံ ဘန္တေ" တိ ခေါ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ—

ကတမာ စ ဘိက္ခဝေ အသပ္ပုရိသဘူမိ? အသပ္ပုရိသော ဘိက္ခဝေ အကတညူ ဟောတိ အကတဝေဒီ။ အသဗ္ဘိ ဟေတံ တိက္ခဝေ ဥပညာတံ၊ ယဒိဒံ အကတညုတာ အကတဝေဒိတာ။ ကေဝလာ ဧသာ ဘိက္ခဝေ အသပ္ပုရိသဘူမိ၊ ယဒိဒံ အကတညုတာ အကတဝေဒိတာ။ သပ္ပုရိသော စ ခေါ ဘိက္ခဝေ ကတညူ ဟောတိ ကတဝေဒီ။ သဗ္ဘိ ဟေတံ ဘိက္ခဝေ ဥပညာတံ၊ ယဒိဒံ ကတညုတာ ကတဝေဒိတာ။ ကေဝလာ ဧသာ ဘိက္ခဝေ သပ္ပုရိသဘူမိ၊ ယဒိဒံ ကတညုတာ ကတဝေဒိတာတိ။ (၁)

ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ။ ကတမေသံ ဒွိန္နံ? မာတု စ ပိတု စ။ ဧကေန ဘိက္ခဝေ အံသေန မာတရံ ပရိဟရေယျ၊ ဧကေန အံသေန ပိတရံ ပရိဟရေယျ ဝဿသတာယုကော ဝဿသတဇီဝီ၊ သော စ နေသံ ဥစ္ဆာဒနပရိမဒ္ဒနနှာပနသမ္ဗာဟနေန၊ တေ စ တတ္ထေဝ မုတ္တကရီသံ စဇေယျုံ၊ န တွေဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ဟောတိ ပဋိကတံ ဝါ။ ဣမိဿာ စ ဘိက္ခဝေ မဟာပထဝိယာ ပဟူတရတ္တရတနာယ မာတာပိတရော ဣဿရာဓိပစ္စေ ရဇ္ဇေ ပတိဋ္ဌာ-

ပေယျံ၊ န ဧတ္တဝ ဘိက္ခဝေ မာတာပိတူနံ ကတံ ဝါ ဟောတိ ပဋိကတံ ဝါ။ တံ ကိဿ ဟေတု? ဗဟုကာရာ ဘိက္ခဝေ မာတာပိတရော ပုတ္တာနံ အာပါဒကာ ပေါသကာ ဣမဿ လောကဿ ဒဿေတာရော။ ယော စ ခေါ ဘိက္ခဝေ မာတာပိတရော အဿဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ မစ္ဆရိ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပတိဋ္ဌာပေတိ၊ ဧတ္တာဝတာ ခေါ ဘိက္ခဝေ မာတာပိတူနံ ကတဉ္စ ဟောတိ ပဋိကတဉ္စာတိ။ (၂)

အထ ခေါ အညတရော ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝတာ သဒ္ဓိံ သမ္မောဒိ၊ သမ္မောဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ သော ဗြာဟ္မဏော ဘဂဝန္တံ ဧတဒဝေါစ "ကိံ ဝါဒီ ဘဝံ ဂေါတမော၊ ကိမက္ခာယီ"တိ။ ကိရိယဝါဒီ စာဟံ ဗြာဟ္မဏ အကိရိယဝါဒီ စာတိ။ ယထာကထံ ပန ဘဝံ ဂေါတမော ကိရိယဝါဒီ စ အကိရိယဝါဒီ စာတိ။

အကိရိယံ ခေါ အဟံ ဗြာဟ္မဏ ဝဒါမိ ကာယဒုစ္စရိတဿ ဝစီဒုစ္စရိတဿ မနောဒုစ္စရိတဿ၊ အနေကဝိဟိတာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အကိရိယံ ဝဒါမိ၊ ကိရိယဉ္စ ခေါ အဟံ ဗြာဟ္မဏ ဝဒါမိ ကာယသုစရိတဿ ဝစီသုစရိတဿ မနောသုစရိတဿ၊ အနေကဝိဟိတာနံ ကုသလာနံ ဓမ္မာနံ ကိရိယံ ဝဒါမိ။ ဧဝံ ခေါ အဟံ ဗြာဟ္မဏ ကိရိယဝါဒီ စ အကိရိယဝါဒီ စာတိ။

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ၊ သေယျထာပိ ဘော ဂေါတမ၊ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ

ဝိဝရေယျ၊ မုဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလ-
ပဇ္ဇောတံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ၊ ဧဝမေဝံ
ဘောတာ ဂေါတမေန အနေကပရိယာယေန ဓမ္မော ပကာသိတော။
ဧသာဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊
ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ
သရဏံ ဂတန္တိ။ (၃)

# အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ
# ပတ္တကမ္မဝဂ္ဂ

## (ကောက်နုတ်ချက်)

### အဓမ္မိကသုတ္တ

ယသ္မိံ ဘိက္ခဝေ သမယေ ရာဇာနော အဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တာပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တေသု အဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ၊ ဗြာဟ္မဏဂဟပတိကေသု အဓမ္မိကေသု နေဂမဇာနပဒါပိ တသ္မိံ သမယေ အဓမ္မိကာ ဟောန္တိ၊ နေဂမဇာနပဒေသု အဓမ္မိကေသု ဝိသမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ၊ ဝိသမံ စန္ဒိမသူရိယေသု ပရိဝတ္တန္တေသု ဝိသမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တိ၊ ဝိသမံ နက္ခတ္တေသု တာရကရူပေသု ပရိဝတ္တန္တေသု ဝိသမံ ရတ္တိန္ဒိဝါ ပရိဝတ္တန္တိ၊ ဝိသမံ ရတ္တိန္ဒိဝေသု ပရိဝတ္တန္တေသု ဝိသမံ မာသဒ္ဓမာသာ ပရိဝတ္တန္တိ၊ ဝိသမံ မာသဒ္ဓမာသေသု ပရိဝတ္တန္တေသု ဝိသမံ ဥတုသံဝစ္ဆရာ ပရိဝတ္တန္တိ၊ ဝိသမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု ဝိသမံ ဝါတာ ဝါယန္တိ ဝိသမာ အပဉ္ဇသာ၊ ဝိသမံ ဝါတေသု ဝါယန္တေသု ဝိသမေသု အပဉ္ဇသေသု ဒေဝတာ ပရိကုပိတာ ဘဝန္တိ၊ ဒေဝတာသု ပရိကုပိတာသု ဒေဝေါ န သမ္မာ ဓာရံ အနုပ္ပဝေစ္ဆတိ၊ ဒေဝေ န သမ္မာ ဓာရံ အနုပ္ပဝေစ္ဆန္တေ ဝိသမပါကာနိ သဿာနိ ဘဝန္တိ၊ ဝိသမပါကာနိ ဘိက္ခဝေ သဿာနိ မနုဿာ ပရိဘုဉ္ဇန္တာ အပ္ပါယုကာ ဟောန္တိ ဒုဗ္ဗဏ္ဏာ စ ဗဝှါဗာဓာ စ။

ယသ္မိံ ဘိက္ခဝေ သမယေ ရာဇာနော ဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တာပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ၊ ရာဇယုတ္တေသု ဓမ္မိကေသု ဗြာဟ္မဏဂဟပတိကာပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ၊

ဗြာဟ္မဏဂဟပတိကေသု ဓမ္မိကေသု နေဂမဇာနပဒါပိ တသ္မိံ သမယေ ဓမ္မိကာ ဟောန္တိ၊ နေဂမဇာနပဒေသု ဓမ္မိကေသု သမံ စန္ဒိမသူရိယာ ပရိဝတ္တန္တိ၊ သမံ စန္ဒိမသူရိယေသု ပရိဝတ္တန္တေသု သမံ နက္ခတ္တာနိ တာရကရူပါနိ ပရိဝတ္တန္တိ၊ သမံ နက္ခတ္တေသု တာရကရူပေသု ပရိဝတ္တန္တေသု သမံ ရတ္တိန္ဒိဝါ ပရိဝတ္တန္တိ၊ သမံ ရတ္တိန္ဒိဝေသု ပရိဝတ္တန္တေသု သမံ မာသဒ္ဓမာသာ ပရိဝတ္တန္တိ၊ သမံ မာသဒ္ဓမာသေသု ပရိဝတ္တန္တေသု သမံ ဥတုသံဝစ္ဆရာ ပရိဝတ္တန္တိ၊ သမံ ဥတုသံဝစ္ဆရေသု ပရိဝတ္တန္တေသု သမံ ဝါတာ ဝါယန္တိ သမာ ပဉ္ဇသာ၊ သမံ ဝါတေသု ဝါယန္တေသု သမေသု ပဉ္ဇသေသု ဒေဝတာ အပရိကုပိတာ ဘဝန္တိ၊ ဒေဝတာသု အပရိကုပိတာသု ဒေဝေါ သမ္မာ ဓာရံ အနုပ္ပဝေစ္ဆတိ၊ ဒေဝေ သမ္မာ ဓာရံ အနုပ္ပဝေစ္ဆန္တေ သမပါကာနိ သဿာနိ ဘဝန္တိ၊ သမပါကာနိ ဘိက္ခဝေ သဿာနိ မနုဿာ ပရိဘုဉ္ဇန္တာ ဒီဃာယုကာ စ ဟောန္တိ ဝဏ္ဏဝန္တော စ ဗလဝန္တော စ အပ္ပာဗာဓာ စာတိ။

၁။ ဂုန္နံ စေ ဟရမာနာနံ၊ ဇိမှံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဇိမှံ ဂစ္ဆန္တိ၊ နေတ္တေ ဇိမှံ ဂတေ သတိ။

၂။ ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုက္ခံ သေတိ၊ ရာဇာ စေ ဟောတိ အဓမ္မိကော။

၃။ ဂုန္နံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဥဇုံ ဂစ္ဆန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

၄။ ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော။

# ဓမ္မပဒ

ဓမ္မပဒသည် ပိဋကအားဖြင့် သုတ္တန္တပိဋက၊ နိကာယ်အားဖြင့် ခုဒ္ဒကနိကာယ်၌ပါဝင်သည်၊ ခုဒ္ဒကနိကာယ်တွင် ဒုတိယမြောက်၌ပါဝင်သည်၊ ဗုဒ္ဓ၏ အဆုံးအမတော်သည် အင်္ဂါကိုးပါးရှိသည့်အနက် ဤဓမ္မပဒသည်ကား စကားပြေ လုံးဝမပါ၊ ဂါထာသက်သက်မျှသာ ဖြစ်သည်၊ ဂါထာပေါင်း (၄၂၃)ဂါထာ ရှိသည်။ ဝဂ်(အုပ်စု)အားဖြင့် (၂၆)ဝဂ် ရှိသည်။

ဓမ္မပဒဟူသောပါဠိ၏ အနက်အဓိပ္ပာယ်ကို အရှေ့တိုင်းပညာရှင် အနောက်တိုင်းပညာရှင်များ မိမိတို့အားသန်ရာ ရှုထောင့်ဖြင့် ဖွင့်ဆိုကြသည်။ အရှေ့တိုင်း ပညာရှင်တို့၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုပုံကို အကျဉ်းချုံးသော်–

နိဗ္ဗာန်၏ ခရီးလမ်းကြောင်း၊

တရားကို သိရာသိကြောင်း၊

တရားအဖို့–

ဟူသော အနက်သုံးပါးဖြစ်သည်။

အနောက်တိုင်းပညာရှင်တို့၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုပုံကို အကျဉ်းချုံးသော်–

ဘာသာတရား၏ အခြေခံ၊

ဘာသာတရား၏ လမ်းစဉ်၊

ဘာသာတရား၏ ဂါထာစု–

ဟူသော အနက်သုံးပါးဖြစ်သည်။

ဤသို့ ပညာရှင် အသီးသီးတို့ ဖွင့်ဆိုကြသော်လည်း အနက်အဓိပ္ပာယ်မှာမူ အတူတူပင် ဖြစ်နေသည်ကို တွေ့ရှိရပေသည်။

စင်စစ်အားဖြင့် ဓမ္မပဒဟူသည် "ဈာန် ဝိပဿနာ မဂ် ဖိုလ်တို့နှင့် ပြည့်စုံစေ၍ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဂါထာညွန့်ပေါင်း"ကျမ်းစာ ဖြစ်ပေသည်။

ဓမ္မပဒကျမ်းလာဂါထာများသည် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ဦးတည်လမ်းညွှန်သည်၊ ကိုယ်ကျင့်တရား ဟူသည်မှာလည်း ဗုဒ္ဓဘာသာဝင် အတွက်သာမဟုတ်၊ လူမျိုးမရွေး ဘာသာမရွေးကျင့်သုံးလက်ခံ လိုက်နာနိုင်သော ကိုယ်ကျင့်တရားများ ပါဝင်သည်။ သို့ဖြစ်၍ ဤဓမ္မပဒကျမ်းကို အင်္ဂလိပ်၊ ဂျာမန်၊ အီတာလျံ၊ ပြင်သစ်၊ သီဟိုဠ်၊ ဟိန္ဒီ၊ လက်တင် စသော ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုရေးသားကြလေသည်။

ဓမ္မပဒကျမ်းလာ ဂါထာများသည် ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို ဦးတည်သော ဂါထာများဖြစ်သည့်အားလျော်စွာ အိန္ဒိယနိုင်ငံ၌ နိဂြောဓသောမဏေထံမှ "အပ္ပမာဒေါ အမတံ ပဒံ" အစရှိသော ဂါထာကို နာကြားရသော အသောကမင်းတရားသည် မိစ္ဆာအယူကို စွန့်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဗုဒ္ဓဘာသာဝင် ဘုရင်ကောင်းအဖြစ်ဖြင့် သာသနာပြုခဲ့လေသည်။

မြန်မာနိုင်ငံ၌လည်း ရဟန္တာ ရှင်အရဟံထံမှ "အပ္ပမာဒေါ အမတံ ပဒံ" အစရှိသော ဂါထာကို နာကြားရသော အနော်ရထာမင်းစောသည် အရည်းကြီးအယူဝါဒကိုစွန့်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဗုဒ္ဓဘာသာဝင် ဘုရင်ကောင်းအဖြစ်ဖြင့် သာသနာပြုခဲ့လေသည်။

ဒေါက်တာကဿဝယပ်စ်အေပရာရဲ က "နှစ်ပေါင်းလေးဆယ်ကျော် အတွင်း ကံမကောင်း အကြောင်းမသင့်သောအခါ စိတ်နှလုံးပူပန် ဆင်းရဲသောအခါတို့၌ ဓမ္မပဒကျမ်းကို ဖတ်ရလျှင် ဖြေဖျောက်သက် သာစေနိုင်သည်"ဟု ဆိုလေသည်။

ထို့ပြင် အိန္ဒိယအမျိုးသား ဆာရာဓာကရစ်သျှနန် က "ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း ညီညွတ်မှုကို အထောက်အကူ ပြုနိုင်သော တရားကား ဓမ္မပဒကျမ်းလာ ကိုယ်ကျင့်တရား ကောင်းမွန်ရေးပင် ဖြစ်သည်"ဟု ဆို ေလသည်။

# ခုဒ္ဒကနိကာယ ဓမ္မပဒပါဠိ

(ကောက်နုတ်ချက်)

## ယမကဝဂ္ဂ

၁—စက္ခုပါလတ္ထေရဝတ္ထု

၁။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

၂— မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနပါယိနီ။

၃—တိဿတ္ထေရဝတ္ထု

၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။

၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။

၄—ကာဠယက္ခိနီဝတ္ထု

၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

၅—ကောသမ္ဗကဝတ္ထု

၆။ ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

## ၆—မဟာကာဠတ္ထေရဝတ္ထု

၇။ သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

၈။ အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

## ၇—ဒေဝဒတ္တဝတ္ထု

၉။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝ မရဟတိ။

၁၀။ ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝ မရဟတိ။

## ၈—သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။

၁၂။ သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

## ၉—နန္ဒတ္ထေရဝတ္ထု

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။

၁၄။ ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌိ န သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိဝိဇ္ဈတိ။

### ၁၀—စုန္ဒသူကရိကဝတ္ထု

၁၅။ ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

### ၁၁—ဓမ္မိကဥပါသကဝတ္ထု

၁၆။ ဣဓ မောဒဘိ ပေစ္စ မောဒတိ၊ ကဘပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

### ၁၂—ဒေဝဒတ္တဝတ္ထု

၁၇။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
"ပါပံ မေ ကတ"န္တိ တပ္ပတိ၊ ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

### ၁၃—သုမနဒေဝီဝတ္ထု

၁၈။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
"ပုညံ မေ ကတ"န္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

### ၁၄။ ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

၂၀။ အပ္ပမ္ပိ စေ သံဟိတဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

ယမကဝဂ္ဂေါ ပဌမော။

# ဇာတကဋ္ဌကထာ

## (မှတ်စုအကျဉ်း)

ဇာတ်စာပေ၌ ဇာတ်ပါဠိတော်နှင့် ဇာတ်အဋ္ဌကထာဟူ၍ နှစ်မျိုး နှစ်စားရှိရာ ဇာတ်ပါဠိတော်မှာ ဂါထာများသာ ပါဝင်သည်။ ဇာတ်ဆောင်တဦးဦး သို့မဟုတ် ဇာတ်ဆောင်အချင်းချင်း ပြောဆိုသော ဇာတ်လမ်းပါ စကားများကို ဂါထာဖြင့် ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုဂါထာချည်း သက်သက်ဖြင့် ဇာတ်လမ်းကို ရှေ့လည်စွာ မသိနိုင်ကြပါ။

ဇာတ်လမ်းကို ကောင်းစွာနားလည်စေရန် ဇာတ်အဋ္ဌကထာများကို ကြည့်ရှုရပါသည်။ ဇာတ်အဋ္ဌကထာကျမ်းသည် ထိုဂါထာများကို ငုံ၍ ဇာတ်လမ်းလာ အတိတ်ဝတ္ထုများအပြင် ထို အတိတ်ဝတ္ထုများကို အဘယ်ဖြစ်ရပ်ကြောင့် ဘုရားရှင်ဟောကြားတော်မူရကြောင်း ပြသည့် ပစ္စုပ္ပန်ဝတ္ထုများပါ ထည့်သွင်းထားသည့် ကျမ်းဖြစ်သည်။

ဇာတ်အဋ္ဌကထာလာ လေးပုံသုံးပုံမျှသော ဝတ္ထုများကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဟောကြားတော်မူ၍ ကျန်ဇာတ်တော်များကို ရာဇဂြိုဟ်၊ ဝေသာလီ အဝန္တိစသော ဒေသများ၌ ဟောကြားတော်မူသည်ဟု ဆိုပါသည်။

ဘုရားရှင်သည် တရားနာပရိသတ်အပေါင်းတို့အား တရားဟောပြရာ၌ ဇာတ်ဝတ္ထုများကို ထည့်သွင်း ဟောကြားခြင်းဖြင့် များစွာထိရောက် သက်ဝင်စေပါသည်။ ဇာတ်တော်များ၏ အကျိုးပြုမှုကြီးမားသည်ဖြစ်၍ ထိုနည်းကိုမှီကာဘုရားရှင်၏တပည့် သာဝကကြီးများသည်လည်း ဇာတ်တော်များကို အစဉ်အဆက် ဆောင်ယူကျက်မှတ်ကြကာ တရားဓမ္မ ဟောပြရာ၌ အသုံးပြုခဲ့ကြပါသည်။ ဘုရားရှင် ဟောမိန့်တော်မူခဲ့သော တရားဓမ္မများ အနက် ဇာတ်တော်များသည် လူတို့၏ စိတ်နှလုံးဝယ် မည်မျှစွဲမြဲ ကျန်ရှိနေပြီး မည်မျှ နှစ်သက်ဖွယ် ဖြစ်ခဲ့ကြသည်ကို အိန္ဒိယပြည် ဆာရ်ဟုတ်နှင့်

စန်ချိစေတီတော်များရှိ ရုပ်လုံးရုပ်ကြွများက သက်သေခံလျက် ရှိပါသည်၊ ထိုစေတီတော်များ၏ လက်ရန်းတိုင် တုရင်တိုင်များတွင် ဇာတ်တော်လာ အကြောင်းဖြစ်ရပ်တို့ကို ရုပ်လုံးများဖြင့် ဝန်ဆာဆင်ကာ သရုပ်ဖော် ထားကြသည်၊ ထိုလက်ရာမှာ အစောဆုံး နှစ်အားဖြင့် ခရစ်ကြိုနှစ် သုံးရာစု နှစ်ရာစုခန့် ဖြစ်သည်ဟု သုတေသီတို့ ယူဆကြပါသည်။

ထိုခေတ်၌ပင်လျှင် ဇာတ်တော်များသည် ပိဋကတ်ကျမ်းများ ပကိဏ္ဏကဒေသနာ ကျမ်းများနှင့်အတူ သီဟိုဠ်သို့ ရောက်ရှိခဲ့ပါသည်၊ အသောကမင်းကြီး၏ သားတော် ရှင်မဟိန္ဒာထေရ်သည် ခမည်းတော် မင်းကြီး၏ စေလွှတ်ချက်အရ သီဟိုဠ်သို့ သာသနာပြုကြွရာ ထိုကျမ်းများ ကိုပါ ယူဆောင်သွားပါသည်၊ သီဟိုဠ်သားတို့သည် ယင်းကျမ်းများကို သီဟိုဠ်ဘာသာသို့ ပြန်ဆိုကြပါသည်၊ သီဟိုဠ်ပြန်ကျမ်းသာ အသုံးတွင်ကျယ် သဖြင့် ပါဠိဘာသာကျမ်းများ တစတစ မေ့မှိန်ကွယ်ပျောက်ခဲ့ရာ ခရစ်နှစ် ငါးရာစုတွင်မှ ရှင်ဗုဒ္ဓဃောသသည် ထိုသီဟိုဠ်ကျမ်းများကို မူရင်းထား၍ ပါဠိဘာသာသို့ ပြန်ဆိုရေးသားရပါသည်။ ယခုလက်ရှိ ဇာတ်တော်များမှာ ထိုခေတ်က ပြုစုသော ရှင်ဗုဒ္ဓဃောသ၏ မူပင် ဖြစ်သည်ဟု ယူဆရ ပါသည်။

ဇာတ်အဋ္ဌကထာ ကျမ်းများတွင် နိဒါန်းအဖြစ် နိဒါနကထာဟု တွင်သော အခန်းတရပ်ပါရှိသည်၊ ထိုကထာတွင် ဘုရားလောင်း၏ ဘဝ ဖြစ်စဉ်များ ပါဝင်ပါသည်၊ ဘုရားလောင်းသည် ဒီပင်္ကရာမြတ်စွာဘုရား ထံတွင် ဗျာဒိတ်ခံသည်မှစ၍ ပါရမီတော် ဖြည့်ဆည်းပွားခဲ့ရသည်များကို အစဉ်တစိုက် ဖော်ပြပြီး ဘုရားဖြစ်တော်မူပြီးနောက် အနာထပိဏ်သဌေး၏ ဇေတဝန်ကျောင်းအလှူကို ခံယူသည်အထိ ဖော်ပြထားသည်၊ ဘုရားရှင် သည် ထိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် များစွာသော ဇာတ် များကို ဟောကြားခဲ့သည် ဖြစ်သောကြောင့် နိဒါနကထာ၏ နောက်တွင် ဆက်လက်၍ ဇာတ် ၅၄၇ ဇာတ်ကို ရေးသားထားခြင်း ဖြစ်ဟန်တူ ပါသည်။

နိဒါနကထာတွင် ဘုရားလောင်း၏ဖြစ်စဉ်ကို အပိုင်းကြီး သုံးပိုင်းခွဲ၍ ဖော်ပြထားပါသည်—

၁။ ဒူရေနိဒါန်း ။ ။ဘုရားလောင်း သုမေဓာရှင်ရသေ့၏ ဘဝကို စတင် ဖော်ပြကာ ပါရမီတော်တို့ကို ဖြည့်ကျင့်ပုံများ၊ နောက်ဆုံး ဘဝဖြစ်သည့် ဝေဿန္တရာမင်းကြီးအဖြစ်၌ ဒါနပါရမီကို အထွတ်ရောက်စေတော်မူ၍ တုသိတာ နတ်ပြည်၌ ဘုရားလောင်းနတ်သား ဖြစ်ရပုံများအထိ ဖော်ပြထားပါသည်။

၂။ အဝိဒူရေနိဒါန်း။ ။ဘုရားလောင်း နတ်သားအား နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန်အပ်သည်ဖြစ်၍ လူ့ပြည်၌ သိဒ္ဓတ္ထမင်းသားအဖြစ် ပဋိသန္ဓေယူပုံ ဖွားမြင်ပုံ နိမိတ်ကြီး ၄-ပါးမြင်ပုံ တောထွက်၍ ဒုက္ကရစရိယာ ကျင့်တော်မူပုံတို့မှ မာရ်နတ်မင်းကို အောင်မြင်၍ ဘုရားအဖြစ်သို့ ရောက်တော်သည်အထိ ပါရှိသည်။

၃။ သန္တိကေနိဒါန်း။ ။ဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးနောက် သတ္တသတ္တာဟ စံတော်မူပုံ၊ မာရ်နတ်မင်း၏ သမီးတော်များက ဖြားယောင်း သွေးဆောင်ပုံ၊ ဣသိပတနမိဂဒါဝုန်ကျောင်း... ဩရိသာနယ်မှ ကုန်သည်ညီနောင်နှစ်ဦး ဘုရားရှင်ထံ အဖူးအမြော် ရောက်ပုံတို့မှ အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်ကို ခံယူသည်အထိ ပါဝင်ပါသည်။

ထိုနိဒါနကထာအခန်း နောက်တွင် ဇာတ်တော်များကို ကဏ္ဍပေါင်း ၂၂-ခုဖြင့် ထည့်သွင်းဖော်ပြပါသည်။ ဂါထာတပုဒ် ပါရှိသော ဇာတ်တော်များကို စုစည်း၍ ဧကနိပါတဟူ၍ လည်းကောင်း၊ ဂါထာနှစ်ပါးစု၊ သုံးပါးစု၊

လေးပါးစုအစရှိသည်ဖြင့် ဂါထာတခုစီတိုး၍ပါသော ဇာတ်တော်များကို တွဲရာပေါင်းလျက် ဒုကနိပါတ, တိကနိပါတ, စတုက္ကနိပါတစသည်ဖြင့် လည်းကောင်း ပိုင်းခြား သတ်မှတ်ထားပါသည်။ ဂါထာအရေအတွက် တိုးလာသည်နှင့် အမျှ ဇာတ်တော်၏ အရေအတွက်မှာ လျော့နည်းလာပါသည်။ ဧကနိပါတ်တွင် ဇာတ်ပေါင်း ၁၅၀၊ ဒုကနိပါတ်တွင် ဇာတ်ပေါင်း ၁၀၀- စသည်ဖြင့် ဇာတ်ရေ နည်းပါးလာပါသည်။ ဇာတ်၏ ပမာဏမှာလည်း တခုနှင့် တခု မတူကြပါ။ အချို့ဇာတ်သည် စာမျက်နှာတဝက်ခန့်မျှသာ ရှိသော်လည်း အချို့မှာ ကျမ်းကြီးတကျမ်းစာမျှ ရှည်လျားလှပါသည်။ ဇာတ်များတွင် ပါဝင်သော အကြောင်းအရာတို့မှာ များပြားဆန်းကြယ်လှပါသည်။ ရသေ့ရဟန်းတို့၏ ကျင့်စဉ်များ၊ သူရဲကောင်းပုံများ၊ စွန့်စားခန်းများ၊ ချစ်ကြိုက်ခန်းများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသဇာတ်များ၊ နတ်သားနတ်သမီး ပုံဝတ္ထုများ၊ တိရစ္ဆာန်ဘဝဖြစ်ရပ်များ၊ လူတို့လိုက်နာအပ်သော ဆောင်ပုဒ်များ၊ စကားပုံ, ကျင့်ထုံးများ၊ သံဝေဂရဖွယ်များ၊ သင်ခန်းစာပေးသည့် ဆုံးမချက်များ စသည်ဖြင့် ကျယ်ဝန်းလှပါသည်။ ဇာတ်တော်များကို လေ့လာခြင်းအားဖြင့် ဗုဒ္ဓခေတ်မတိုင်မီနှင့် ဗုဒ္ဓခေတ် အိန္ဒိယပြည်၏ နိုင်ငံရေး, စီးပွားရေး, အုပ်ချုပ်ရေး, ပညာရေး, ဘာသာရေး, လူမှုရေး, ပထဝီဝင်အနေအထားများကို ဗဟုသုတ ရနိုင်ပါသည်။

ဇာတကဋ္ဌကထာလာ အချို့သော ဇာတ်များကို အခြားသော ပါဠိစာပေကျမ်းများ၌လည်း တွေ့ရှိရပါသည်။ ဝိနယပိဋကတ်, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တ နိကာယ်ကျမ်းများ၌လည်းကောင်း ခုဒ္ဒက-နိကာယ်ဝင်ဖြစ်သော စရိယာပိဋကတ်၌လည်းကောင်း မိလိန္ဒပဉှာကျမ်း, ဓမ္မပဒဋ္ဌကထာကျမ်းတို့၌လည်းကောင်း တွေ့ရှိရပါသည်။

ပါဠိစာပေလာ ဇာတကများကဲ့သို့သော ဇာတ်ဝတ္ထုများကို အိန္ဒိယပြည် ဗြာဟ္မဏစာပေ, သက္ကတစာပေ ဂျိန်းစာပေတို့၌လည်း တွေ့ရှိရပါသည်။ ဇာတ်များသည် အိန္ဒိယမှတဆင့် အရှေ့ပိုင်းဒေသများဖြစ်သော ဘရုတ်, တိဘက်ပြည်တို့၌ လည်းကောင်း အရှေ့တောင်အာရှရှိ မြန်မာ,

ဂျာဗါး, ယိုဒယား, ကမ္ဘောဒီးယားတို့၌လည်းကောင်း ပျံ့နှံ့သွားပါသည်။ ယိုးဒယားပြည် သုခေါဒယားမှ ဘုရားနှင့် ဂျာဗါးပြည် ဗောရိုဗောဒို ဘုရားရှိ ဇာတ်ရုပ်တုများကို ယခုတိုင် တွေ့ရှိနိုင်ပါသည်။

ဇာတကနှင့်နှီးနွယ်သော ပုံဝတ္ထုများသည် အနောက်နိုင်ငံရှိ အာရဗီ စာပေ, ဂရိစာပေ, ဥရောပစာပေတို့၌လည်း ပါရှိနေပါသည်။ ဇာတ်ဝတ္ထု များသည် အိန္ဒိယမှ စတင်ကာ အနောက်တိုင်းသို့ တိုးဝင်ရောက်ရှိခဲ့ သည်ဟူ၍လည်းကောင်း အနောက်တိုင်းမှ ပုံဝတ္ထုများသည် မူရင်းဖြစ် သည်ဟူ၍လည်းကောင်း သုတေသီတို့ အငြင်းပွားကြဆဲ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဇာတဝတ္ထုစာပေသည် ကြီးမားကျယ်ပြန့်လွန်းလှသည် ကား ထင်ရှားပါသည်။

ဇာတ်တော်များသည် အိန္ဒိယမှ မြန်မာပြည်သို့ ဗုဒ္ဓသာသနာနှင့်အတူ ရောက်ရှိခဲ့ပြီး မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှု တိုးတက်ကြီးပွားရေး အတွက် အခြေခံအုတ်မြစ်သဖွယ် နေရာယူ တည်ရှိခဲ့ပါသည်။ ဇာတ်တော် များကို အခြေပြု၍ မြန်မာစာပေ၌ ပျို့, ကဗျာ, လင်္ကာ, ရတုတို့ ထွန်းကားလာပါသည်။ သုဝဏ္ဏသာမဇာတ်ကို မှီ၍ သုဝဏ္ဏသျှံသဌေးခန်း ပျို့၊ မြားပစ်ခန်းပျို့၊ သစ္စာခန်းပျို့တို့ကိုလည်းကောင်း နေမိဇာတ် ကိုမှီး၍ မဃ္ဃတိုးခန်း, ငရဲခန်း, ဘုံခန်းပျို့များကို လည်းကောင်း ရှင်အဂ္ဂသမာဓိ ရေးသားခဲ့ပါသည်။ ရှင်ရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ် ပေါင်းပျို့၊ တောင်ဖီလာဆရာတော်၏ ဝေဿန္တရာပျို့ဟောင်း, တွင်းသင်း တိုက်ဝန် မဟာစည်သူ၏ ဇနကပျို့, ငါးရံ့မင်းပျို့, မုဒုလက္ခဏပျို့, ဝိဓူရပျို့, မဟော်ဥမင်ခန်းပျို့, မဟော်ကျေးစေခန်းပျို့, ဘလ္လာတိယပျို့ စသည်တို့ကို ကြည့်ခြင်း အားဖြင့်လည်း ဇာတ်တော်များသည် မြန်မာ စာပေ၌ မည်မျှအခြေခံကျခဲ့သည်ကို သိမြင်နိုင်ပါသည်။ ပျို့များသာမက မဏိကုဏ္ဍလဝတ္ထု, နေမိရကန်, ဝေဿန္တရာပြဇာတ်, မဟော်ပြဇာတ်, မဟာ ဇနကဟောစာ, သုဝဏ္ဏသျှံဟောစာ စသည်ဖြင့်လည်း စာပေနယ်၌ ဇာတ်တော်များကို အခြေခံသော အဖွဲ့မျိုးစုံကို တွေ့ရပါသေးသည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာတို့မှာလည်း ဇာတ်တော်များကြောင့် ရှင်သန်တိုးတက်ခဲ့ပါသည်။ မြန်မာ့အနုပညာတွင် ပန်းဆယ်မျိုးဟု အမည်တွင်သော ပန်းချီ၊ ပန်းပု၊ ပန်းယွန်း၊ ပန်းပွတ်၊ ပန်းတိမ် စသည့်ပညာရပ်များမှာ ပုဂံခေတ်မှ ယခုခေတ်တိုင်အောင် မှေးမှိန်ခြင်းမရှိပေ၊ ထိုပန်းဆယ်မျိုးဖြင့် ဇာတ်တော်များကို အမျိုးမျိုး သရုပ်ဖော်ခဲ့ကြပါသည်။ ဤသို့ ဇာတ်တော်များကို အမျိုးမျိုး သရုပ်ဖော်၍ တန်ဆာဆင်ကြရခြင်းကား ဇာတ်တော်လာ အကြောင်းရပ်တို့ကို လူတို့စိတ်နှလုံးတွင် ကိန်းအောင်းနေစေပြီး ထိုဇာတ်တော်တို့မှ အကျိုးအမြတ်တို့ကို လူတို့အမြဲထုတ်ယူ သုံးစွဲနိုင်စေခြင်းငှာ ရည်ရွယ်ခြင်း ဖြစ်ဟန်ရှိပါသည်။ စင်စစ်သော်ကား ဇာတ်တော်များသည် စိတ်ဓာတ်မြင့်မြတ် စင်ကြယ်ရေး၊ အသိဉာဏ် ထက်သန်တိုးတက်ရေး၊ အကျင့်စာရိတ္တ ပြုပြင်ရေးတို့အတွက် အလွန်ထက်မြက်၍ နှစ်သက်ဖွယ်ရာ စာပေစုဖြစ်သဖြင့် ဇာတကဋ္ဌကထာများမှ အချို့ကို ပါဠိစာသင်သားများအတွက် ဖတ်စာအဖြစ် ပြဋ္ဌာန်းခြင်း ဖြစ်ပါသတည်း။

# ဇာတကဋ္ဌကထာ

## (ကောက်နုတ်ချက်)

### သီလဝီမံသကဇာတကဝဏ္ဏနာ

သီလံ ကိရေဝ ကလျာဏန္တိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ သီလဝီမံသကံ ဗြာဟ္မဏံ အာရဗ္ဘ ကထေသိ။ သော ကိရ ကောသလရာဇာနံ နိဿာယ ဇီဝတိ တိသရဏံ ဂတော အခဏ္ဍပဉ္စသီလော တိဏ္ဏံ ဝေဒါနံ ပါရဂူ။ ရာဇာ "အယံ သီလဝါ"တိ တဿ အတိရေကသမ္မာနံ ကရောတိ။ သော စိန္တေသိ "အယံ ရာဇာ မယှံ အညေဟိ ဗြာဟ္မဏေဟိ အတိရေကသမ္မာနံ ကရောတိ၊ အတိ ဝိယ မံ ဂရုံ ကတွာ ပဿတိ၊ ကိံ နု ခေါ ဧသ မမ ဇာတိဂေါတ္တကုလပ္ပဒေသသိပ္ပသမ္ပတ္တိံ နိဿာယ ဣမံ သမ္မာနံ ကရောတိ၊ ဥဒါဟု သီလသမ္ပတ္တိံ၊ ဝီမံသိဿာမိ တာဝါ"တိ။

သော ဧကဒိဝသံ ရာဇုပဋ္ဌာနံ ဂန္တွာ ဃရံ အာဂစ္ဆန္တော ဧကဿ ဟေရညိကဿ ဖလကတော အနာပုစ္ဆိတွာ ဧကံ ကဟာပဏံ ဂဟေတွာ အဂမာသိ၊ ဟေရညိကော ဗြာဟ္မဏေ ဂရုဘာဝေန ကိဉ္စိ အဝတွာ နိသီဒိ။ ပုန ဒိဝသေ ဒွေ ကဟာပဏေ ဂဏှိ၊ ဟေရညိကော တထေဝ အဓိဝါသေသိ။ တတိယဒိဝသေ ကဟာပဏမုဋ္ဌိံ အဂ္ဂဟေသိ၊ အထ နံ ဟေရညိကော "အဇ္ဇ တေ တတိယော ဒိဝသော ရာဇကုဋုမ္ဗံ ဝိလုမ္ပန္တဿာ"တိ "ရာဇကုဋုမ္ဗဝိလုမ္ပကစောရော မေ ဂဟိတော"တိ တိက္ခတ္တုံ ဝိရဝိ။ အထ နံ မနုဿာ ဣတောစိတော စ အာဂန္တွာ "စိရံ ဒါနိ တွံ သီလဝါ ဝိယ ဝိစရီ"တိ ဒွေ တယော ပဟာရေ ဒတွာ ဗန္ဓိတွာ ရညော ဒဿေသုံ။

ရာဇာ ဝိပ္ပဋိသာရီ ဟုတွာ "ကသ္မာ ဗြာဟ္မဏ ဧဝရူပံ ဒုဿီလကမ္မံ ကရောသီ"တိ ဝတွာ "ဂစ္ဆထ တဿ ရာဇာဏံ ကရောထာ"တိ အာဟ။ ဗြာဟ္မဏော "နာဟံ မဟာရာဇ စောရော"တိ အာဟ။ အထ "ကသ္မာ ရာဇကုဋုမ္ဗိကဿ ဖလကတော ကဟာပဏေ ဂဏှိ"တိ။

"တေ မယာ တယိ မမ အတိသမ္မာနံ ကရောန္တေ 'ကိံ နု ခေါ ရာဇာ မမ ဇာတိအာဒီနိ နိဿာယ အတိသမ္မာနံ ကရောတိ၊ ဥဒါဟု သီလံ

နှိဿာယာ'တိ ဝိမံသနတ္ထာယ ကတံ၊ ဣဒါနိ ပန မယာ ဧက်သေန ဉာတံ။ ယထာ သီလမေဝ နိဿာယ တယာ မမ သမ္မာနော ကတော၊ န ဇာတိ-အာဒီနိ။ တထာ ဟိ မေ ဣဒါနိ ရာဇာဏံ ကာရေသိ၊ သွာဟံ ဣမိနာ ကာရဏေန'ဣမသ္မိံ လောကေ သီလမေဝ ဥတ္တမံ သီလံ ပမုခ'န္တိ သန္နိဋ္ဌာနံ ဂတော။ ဣမဿ ပနာဟံ သီလဿ အနုစ္ဆဝိကံ ကရောန္တော ဂေဟေ ဌိတော ကိလေသေ ပရိဘုဥ္ဇန္တော န သက္ကိဿာမိ ကာတုံ၊ အဇ္ဇေဝ ဇေတဝနံ ဂန္တွာ သတ္ထု သန္တိကေ ပဗ္ဗဇိဿာမိ၊ ပဗ္ဗဇ္ဇံ မေ ဒေထ ဒေဝါ" တိ ဝတွာ ရာဇာနံ အနုဇာနာပေတွာ ဇေတဝနာဘိမုခေါ ပါယာသိ။

အထ နံ ဉာတိသုဟဇ္ဇဂဏော ဩပါ သန္နိပတိတွာ နိဝါရေတုံ အသက္ကောန္တော နိဝတ္တိံသု။ သော သတ္ထု သန္တိကံ ဂန္တွာ ပဗ္ဗဇ္ဇံ ယာစိတွာ ပဗ္ဗဇ္ဇဉ္စ ဥပသမ္ပဒဉ္စ လဘိတွာ အဝိဿဋ္ဌကမ္မဋ္ဌာနော ဝိပဿနံ ဝဍ္ဍေတွာ အရဟတ္တံ ပတွာ သတ္ထာရံ ဥပသင်္ကမိတွာ "ဘန္တေ မယှံ ပဗ္ဗဇ္ဇာ မတ္ထကံ ပတ္တာ"တိ အညံ ဗျာကာသိ။

တဿ တံ အညဗျာကရဏံ ဘိက္ခုသံဃေ ပါကဋံ ဇာတံ။ အထေကဒိဝသံ ဓမ္မသဘာယံ သန္နိပတိတာ ဘိက္ခူ "အာဝုသော အသုကော နာမ ရညော ဥပဋ္ဌာကဗြာဟ္မဏော အတ္တနော သီလံ ဝီမံသိတွာ ရာဇာနံ အာပုစ္ဆိတွာ ပဗ္ဗဇိတွာ အရဟတ္တေ ပတိဋ္ဌိတော"တိ တဿ ဂုဏကထံ ကထယမာနာ နိသီဒိံသု။

သတ္ထာ အာဂန္တွာ "ကာယ နုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိ-သိန္နာ" တိ ပုစ္ဆိတွာ "ဣမာယ နာမာ"တိ ဝုတ္တေ "န ဘိက္ခဝေ ဣဒါနိ အယမေဝ ဗြာဟ္မဏော အတ္တနော သီလံ ဝီမံသိတွာ ပဗ္ဗဇိတွာ အတ္တနော ပတိဋ္ဌံ အကာသိ၊ ပုဗ္ဗေပိ ပဏ္ဍိတာ အတ္တနော သီလံ ဝီမံသိတွာ ပဗ္ဗဇိတွာ အတ္တနော ပတိဋ္ဌံ ကရိံသု"တိ ဝတွာ တေဟိ ယာစိတော အတီတံ အာဟရိ။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော တဿ ပုရောဟိတော အဟောသိ ဒါနာဘိရတော သီလဇ္ဈာသယော အက္ခ-

ပဋ္ဌိတေ ယာ၊ ဘော သဗြာဟ္မဏေဟိ အတိရေကံ တဿ သမ္မာနံ ကရော-တီတိ [သတ္တံ ပုမ ... ပေ၀] ဗောဓိသတ္တော ပန ဗန္ဓိတွာ ရညော သန္တိကံ နီယမာနေ အဟိတုဏ္ဍိကာ အန္တရဝီထိယံ သပ္ပံ ကီဠာပေန္တာ နင်္ဂုဋ္ဌေ ဂဏှန္တိ၊ ဂီဝါယ ဂဏှန္တိ၊ ဂလေ ဝေဌေန္တိ။ ဗောဓိသတ္တော တေ ဒိသွာ "မာ တာတာ ဧတံ သပ္ပံ နင်္ဂုဋ္ဌေ ဂဏှထ၊ မာ ဂီဝါယ ဂဏှထ၊ မာ ဂလေ ဝေဌေထ။ အယဉှိ ဝေါ ဍံသိတွာ ဇီဝိတက္ခယံ ပါပေယျာ"တိ အာဟ။ အဟိတုဏ္ဍိကာ "အယံ ဗြာဟ္မဏ သပ္ပေါ သီလဝါ အာစာရသမ္ပန္နော တာဒိသော ဒုဿီလော န ဟောတိ၊ တွံ ပန အတ္တနော ဒုဿီလတာယ အနာစာရေန ရာဇကုဋုမ္ဗ-ဝိလုမ္ပကောတိ ဗန္ဓိတွာ နီယသီ"တိ အာဟံသု။

သော စိန္တေသိ "သပ္ပါပိ တာဝ အဍံသန္တာ အဟိံသန္တာ 'သီလ-ဝန္တော'တိ နာမံ လဘန္တိ၊ ကိမင်္ဂ ပန မနုဿဘူတာ။ သီလမေဝ ဣမသ္မိံ လောကေ ဥတ္တမံ၊ နတ္ထိ တတော ဥတ္တရိတရ"န္တိ။ အထ နံ နေတွာ ရညော ဒဿေသုံ။ ရာဇာ "ကိံ ဣဒံ တာတာ"တိ ပုစ္ဆိ။ "ရာဇကုဋုမ္ဗဝိလုမ္ပကော ဧသ ဒေဝါ"တိ။ "တေန ဟိဿ ရာဇာဏံ ကရောထာ"တိ။ ဗြာဟ္မဏော "နာဟံ မဟာရာဇ စောရော"တိ အာဟ။ "အထ ကသ္မာ ကဟာပဏေ အဂ္ဂဟေသီ"တိ စ ဝုတ္တေ ပုရိမနယေနေဝ သဗ္ဗံ အာရောစေတွာ "သွာဟံ ဣမိနာ ကာရဏေန 'သီလမေဝ လောကေ ဥတ္တမံ၊ သီလံ ပါမောက္ခ'-န္တိ သန္နိဋ္ဌာနံ ဂတော"တိ ဝတွာ "တိဋ္ဌတု တာဝ ဧတံ၊ အာသီဝိသောပိ တာဝ အဍံသနတော အဝိဟေဌနတော 'သီလဝါ'တိ ဝတ္တဗ္ဗတံ လဘတိ။ ဣမိနာပိ ကာရဏေန သီလမေဝ ဥတ္တမံ၊ သီလံ ပဝရ"န္တိ သီလံ ဝဏ္ဏေန္တော ဣမံ ဂါထမာဟ—

သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ န ဟညတီတိ။

တတ္ထ သီလံ ကိရေဝါတိ ကာယဝါစာစိတ္တေဟိ အဝီတိက္ကမသင်္ခါတံ အာစာရသီလမေဝ ကိရာတိ အနုဿဝဝသေန ဝဒတိ။ ကလျာဏန္တိ သုန္ဒရ-တရံ အနုတ္တရန္တိ ဇေဋ္ဌကံ သဗ္ဗဂုဏဒါယကံ။ ပ[redacted]အတ္တနော ဒိဋ္ဌ-

ကာရဏံ အဘိမုခံ ကရောန္တော ကထေတိ။ သီလငါတိ န ဟညတီတိ ဃောရဝိသောပိ သမာနော အဍံသနအဝိဟေဌနမတ္တကေန သီလဝါတိ ပသံသံ လဘတိ န ဟညတိ န ဝိဟညတီတိ ဣမိနာပိ ကာရဏေန သီလမေဝ ဥတ္တမန္တိ။

ဧဝံ ဗောဓိသတ္တော ဣမာယ ဂါထာယ ရညော ဓမ္မံ ဒေသေတွာ ကာမေ ပဟာယ ဣသိပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ ဟိမဝန္တံ ပဝိသိတွာ ပဉ္စာဘိညာ အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတွာ ဗြဟ္မလောကပရာယဏော အဟောသိ။

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတွာ ဇာတကံ သမောဓာနေသိ၊ “တဒါ ရာဇာ အာနန္ဒော အဟောသိ၊ ရာဇပရိသာ ဗုဒ္ဓပရိသာ၊ ပုရောဟိတော ပန အဟမေဝ အဟောသိ”န္တိ။

သီလဝီမံသကဇာတကဝဏ္ဏနာ ဆဋ္ဌာ။

# သကုၢ်ကၠိၣ်ဒၢတကဝဏ္ဏနၢ

သေနော ဗလသၢ ပဘမၢနောတိ ဂ္လဒံ သတ္ထၢ ငေတဝနေ ဝိဟာရန္တော အင္တင္လၢသယံ သကုဧကောဝါဒသုတ္တံ အာရဗ္ဘ ကထေသိ။ ကောဒိဝသဥ္ပိ သတ္ထာ ဘိက္ခူ အာမန္တေတွာ "ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ"တိ ဂ္လမံ သံယုတ္တမဟာဝဂ္ဂေ သုတ္တန္တံ ကထေန္တော "တုမှေ ဟာဝ တိဌထ၊ ပုဗ္ဗေ တိရစ္ဆာနဂတာပိ သကံ ပေတ္တိကဝိသယံ ပဟာယ အဂေါစရေ စရန္တာ ပစ္စာမိတ္တာနံ ဟတ္ထပထံ ဂန္တွာပိ အတ္တနော ပညာသမ္ပတ္တိယာ ဥပါယကောသလ္လေန ပစ္စာမိတ္တာနံ ဟတ္ထာ မုစ္စိံသု"တိ ဝတွာ အတီတံ အာဟရိ။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော လာပသကုဏယောနိယံ နိဗ္ဗတ္တိတွာ နင်္ဂလကဋ္ဌကရဏေ လေဍ္ဍုဋ္ဌာနေ ဝါသံ ကပ္ပေသိ။ သော ကေဒိဝသံ "သကာဝိသယေ ဂေါစရဂဟဏံ ပဟာယ ပရဝိသယေ ဂေါစရံ ဂဏှိဿာမိ"တိ အဋဝိပရိယန္တံ အဂမာသိ။ အထ နံ တတ္ထ ဂေါစရံ ဂဏှန္တံ ဒိသွာ သကုဏဂ္ဃိ သဟသာ အဇ္ဈပ္ပတ္တာ အဂ္ဂဟေသိ။ သော သကုဏဂ္ဃိယာ ဟရိယမာနော ဧဝံ ပရိဒေဝသိ "မယမေဝမှ အလက္ခိကာ၊ မယံ အပ္ပပုညာ၊ ယေ မယံ အဂေါစရေ စရိမှ ပရဝိသယေ၊ သစေဇ္ဇ မယံ ဂေါစရေ စရေယျာမ သကေ ပေတ္တိကေ ဝိသယေ၊ န မျာယံ သကုဏဂ္ဃိ အလံ အဘာဝိဿ ယဒိဒံ ယုဒ္ဓါယာ"တိ။

"ကော ပန တေ လာပ ဂေါစရော သကော ပေတ္တိကော ဝိသယော"တိ။ "ယဒိဒံ နင်္ဂလကဋ္ဌကရဏံ လေဍ္ဍုဋ္ဌာန"န္တိ။ အထ နံ သကုဏဂ္ဃိ သကေ ဗလေ အပတ္ထဒ္ဓ အမုဥ္စိ "ဂစ္ဆ ခေါ တွံ လာပ တတြာပိ မေ ဂန္တွာ န မောက္ခသိ"တိ။ သော တတ္ထ ဂန္တွာ မဟန္တံ လေဍ္ဍုံ အဘိရုဟိတွာ "ဧဟိ

ခေါ ဒါနိ သကုဏဂ္ဂိ”တိ သေန် အငှ်ယန္တေ အဍှ်သိ။ သကုဏဂ္ဂိ သကေ ဗလေ ဒှ်ပတ္တဒ္ဒါ ဥဘော ပက္ခေ သန္နယှ် လာပသကုဏံ သဟာသာ အဍ္ဍုပ္ပတ္တာ။ ယဒါ ပန တံ လာပေါ “ဗဟု အာဂတာ ခေါ မျာယံ သကုဏဂ္ဂီ”တိ အညာသိ၊ အထ ပရိဝတ္တိတွာ တဿေဝ လေဍ္ဍုဿ အန္တရံ ပစ္စာပါဒိ။ သကုဏဂ္ဂိ ဝေဂံ သန္ဓာရေတုံ အသက္ကောန္တိ တဿေဝ ဥရံ ပစ္စတာဠေသိ။ ဝေ သာ ဘိန္နေန ဟဒယေန နိက္ခန္တေဟိ အက္ခီဟိ ဇီဝိတက္ခယံ ပါပုဏိ။

သတ္ထာ ဣမံ အတီတံ ဒဿေတွာ “ဧဝံ ဘိက္ခဝေ တိရစ္ဆာနဂတာပိ အဂေါစရေ စရန္တာ သပတ္တဟတ္ထံ ဂစ္ဆန္တိ၊ ဂေါစရေ ပန သကေ ပေတ္တိကေ ဝိသယေ စရန္တာ သပတ္တေ နိဂ္ဂဏှန္တိ၊ တသ္မာ တုမှေပိ မာ အဂေါစရေ စရထ ပရဝိသယေ၊ အဂေါစရေ ဘိက္ခဝေ စရတံ ပရဝိသယေ လစ္ဆတိ မာရော ဩတာရံ၊ လစ္ဆတိ မာရော အာရမ္မဏံ။ ကော စ ဘိက္ခဝေ ဘိက္ခုနော အဂေါစရော ပရဝိသယော။ ယဒိဒံ ပဉ္စ ကာမဂုဏာ။ ကတမေ ပဉ္စ စက္ခုဝိညေယျာ ရူပါ ။ပ။ အယံ ဘိက္ခဝေ ဘိက္ခုနော အဂေါစရော ပရဝိသယော”တိ ဝတွာ အဘိသမ္ဗုဒ္ဓေါ ဟုတွာ ပဌမံ ဂါထမာဟ—

“သေနော ဗလသာ ပတမာနော၊ လာပံ ဂေါစရဌာယိနံ။
သဟသာ အဇ္ဈုပ္ပတ္တော ဝ၊ မရဏံ တေနုပါဂမီ”တိ။

တတ္ထ ဗလသာ ပတမာနောတိ “လာပံ ဂဏှိဿာမီ”တိ ဗလေန ထာမေန ပတမာနော။ ဂေါစရဋ္ဌာယိနန္တိ သကဝိသယာ နိက္ခမိတွာ ဂေါစရတ္ထာယ အဋ္ဌဝိပရိယာနေ့ ဌိတံ။ အဇ္ဈုပ္ပတ္တောတိ လမ္ဘတ္တော။ မရဏံ တေနုပါဂမီတိ တေန ကာရဏေန မရဏံ ပတ္တော။

တသ္မိံ ပန မရဏံ ပတ္တေ လာပေါ နိက္ခမိတွာ “ဒိဋ္ဌာ ဝတ မေ ပစ္စာမိတ္တဿ ပိဋ္ဌီ”တိ တဿ ဟဒယေ ဌတွာ ဥဒါနံ ဥဒါနေန္တော ဒုတိယံ ဂါထမာဟ—

"သောဟံ နယေန သမ္ပန္နော၊ ပေတ္တိကေ ဂေါစရေ ရတော။
အပေတသတ္တု မောဒါမိ၊ သမ္ပဿံ အတ္တမတ္တနော"တိ။

တတ္ထ နယေနာတိ ဥပါယေန။ အတ္တမတ္တနောတိ အတ္တနော အရောဂဘာဝသင်္ခါတံ ဝုဍ္ဎိံ။

သတ္ထာ ဣမံ ဓမ္မဒေသနံ အာဟရိတွာ သစ္စာနိ ပကာသေတွာ ဇာတကံ သမောဓာနေသိ၊ သစ္စပရိယောသာနေ ဗဟူ ဘိက္ခူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု။ တဒါ သေနော ဒေဝဒတ္တော အဟောသိ၊ လာပေါ ပန အဟမေဝ အဟောသိန္တိ။

သကုဏဂ္ဃိဇာတကဝဏ္ဏနာ အဋ္ဌမာ။

# သင်နည်း ကြားနည်း

◆◆◆◆◆◆◆◆◆◆◆◆

ပညာရေးစနစ်တခုတွင် ပြဋ္ဌာန်းစာအုပ်များ ကောင်းရုံမျှဖြင့် မလုံလောက်သေးပါ။ လိုအပ်သော ပညာရေးရည်ရွယ်ချက် အမှန်တကယ် ထမြောက် အောင်မြင်စေရန် သင်ကြားနည်းစနစ်များ ထက်မြက်ထိရောက်စေရန်လည်း လိုအပ်ပါသေးသည်။ သင်ကြားနည်း ခေတ်မမီပါက "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" ဆိုဘိသကဲ့သို့ ပြဋ္ဌာန်းကျမ်းစာသာကုန်သည်၊ စာကား မတတ် ဖြစ်ပါလိမ့်မည်။

တွင်းထဲရေထွက်၊ ငန်ပေါ့ပျက်က၊ ခပ်ခွက်ရေညို၊
မချိုသောက်တုတ်၊ ငန်မြဲဟုတ်၏၊ ချက်ပြုတ်ဩဇာ၊
အိုးရသာနှင့်၊ ခွက်မှာခူးထား၊ မထူးခြားတည့်၊
သင်ကြားကျန၊ နည်းပြဆရာ၊ မညာမငံ၊
မကုံထံက၊ နည်းခံတပည့်၊ ပေါ့ပျက်၏ရှင့်။

(ဩဝါဒထူး)

ဤစကားအလာအရ စာသင်နည်းပြ ဆရာများ အနေဖြင့် သင်မှုကြားမှု ကျနသေချာခြင်း မရှိပါက နည်းခံတပည့်များ ပေါ့ပျက်သွားမည်ဖြစ်ကြောင်း သိနိုင်ပါသည်။ သို့ဖြစ်၍ သင်နည်း ကြားနည်း ကျနသေချာရန် လိုအပ်ပါသည်။

(ပရိယတ္တိပညာရေး စီမံကိန်းစာအုပ်မှ ကောက်နုတ်ချက်)


သာသနာရေးဦးစီးဌာနအကျက် ဒေါ်[illegible]သန်း၊ သီတာဦးပုံနှိပ်တိုက်၊
[illegible] ၂၇ [illegible] ရန်ကုန်က
[illegible] ၁၃၂၄ က ထုတ်ဝေသည်။